စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# အနာဂတ်ကိုဖန်ဆင်းတဲ့ အတိတ်နဲ့ပစ္စုပ္ပန်

ခင်မောင်ညို
(ဘောဂဗေဒ)




mgyoe.com

mgyoe.com



# အနာဂတ်ကိုမှန်ဆင်းတဲ့
# အတိတ်နဲ့ပစ္စုပ္ပန်

ခင်မောင်ညို
(ဘောဂဗေဒ)

KMN0040
2,300.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၅၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

အနာဂတ်ကိုပန်ဆင်းတဲ့အတိတ်နဲ့ပစ္စုပ္ပန်
ခင်မောင်ညို(ဘောဂဗေဒ)- ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၅၊
စာမျက်နှာ ၁၉၇ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) အနာဂတ်ကိုပန်ဆင်းတဲ့အတိတ်နဲ့ပစ္စုပ္ပန်

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အနာဂတ်ကိုဖန်ဆင်းတဲ့ အတိတ်နဲ့ပစ္စုပ္ပန်

ခင်မောင်ညို
(ဘောဂဗေဒ)

ပထမအကြိမ်

mgyoe.com

mgyoe.com

# အနာဂတ်ကိုဖန်ဆင်းတဲ့ အတိတ်နဲ့ပစ္စုပ္ပန်

ခင်မောင်ညို

(ဘောဂဗေဒ)



mgyoe.com

mgyoe.com

# မာတိကာ


၁။ ရွှေစည့်သည် ငွေစည့်သည်နှင့် ရွှေလက်ငွေလက် ၅
၂။ ကမ္ဘာ့စီးပွားရေး ဖိုရမ် – အဝေးကြည့် ၉
၃။ စကားပြောကြသူများ ၁၃
၄။ ကမ္ဘာ့စီးပွားရေးဖိုရမ်– အဝေးကြည့် (၂) ၁၆
၅။ ချမ်းသာအောင်လုပ်တာ အပြစ်လား ၂၀
၆။ ဆက်သွယ်ရေး – ပြီးတော့ – ဆက်ဆံရေး ၂၃
၇။ မေ့ထားလို့မဖြစ်တဲ့ လူငယ်များ ၂၆
၈။ အမှတ်တရ–ဟောင်ကောင်တတိယအခေါက် ၂၉
၉။ လှူဒါန်းပေးကမ်းရုံနဲ့ ကောင်းမွန်တဲ့ CSR လုပ်တယ်လို့ မဆိုနိုင်ပါ ဒေါက်တာမိုးမိုးခိုင်နှင့် တွေ့ဆုံမေးမြန်းမှု ၃၂
၁၀။ အင်ဒိုနီးရှား စိုက်ပျိုးရေး၊ ငြိမ်းချမ်းရေး စီးပွားရေးနှင့် ကျန်းမာရေး အတွေ့အကြုံများ ၃၆
၁၁။ နောက်ပြန်လှည့်သူများ ၄၁
၁၂။ "တစ်"အောက်က စသူများ ၄၄
၁၃။ မလုပ်ရင် ရပ်သွားမှာစိုးသူ ၄၉
၁၄။ မြန်မာနိုင်ငံအပေါ် ဘက်စုံသုံးသပ်ချက်ထဲက ထူးခြားချက်များ ၅၃
၁၅။ နှုန်းရှင်မျှောငွေဖလှယ်နှုန်းစနစ်၏ အကျိုးအပြစ် ၅၇
၁၆။ ၁၉၇၅ လူမှုကွန်ရက် ၆၂
၁၇။ မျှော်လင့်ထားတဲ့ မျှော်လင့်ချက်များ ၆၆
၁၈။ ကျောင်းသားခေါင်းဆောင်တဲ့ ၇၀
၁၉။ အနာဂတ်ကိုဖန်ဆင်းတဲ့ အတိတ်နဲ့ ပစ္စုပ္ပန် ၇၂
၂၀။ တရားမရှိတဲ့ ကျွန်တော် ၇၅


mgyoe.com


mgyoe.com


၂၁။ မိုးတွေ ရွာနေတယ်လေ ၇၈
၂၂။ ပိုက်ဆံကြဲပါဗျို့ ၈၁
၂၃။ အာဆီယံနှင့်မြန်မာလုပ်သား ဈေးကွက် ၈၅
၂၄။ ဖွံ့ဖြိုးရေးပညာရှင်တွေထွက်တဲ့ဖွံ့ဖြိုးဆဲနိုင်ငံ ၉၀
၂၅။ ရုပ်မှာလား၊ ပြေ့မှာလား ၉၃
၂၆။ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အကျိုးစီးပွား ပဋိပက္ခ ၉၆
၂၇။ သတင်းဈေးကွက် ၉၈
၂၈။ ရေတံခွန်အောက်ရောက်ခဲ့တယ် ၁၀၁
၂၉။ တောင်ကြားကတိုက် တိုက်ကြားကတောင် ၁၀၄
၃၀။ ခရီးတွေကများ ၁၀၇
၃၁။ ကွေ့ဂျိုးကိုရောက်ခဲ့တယ် ၁၁၁
၃၂။ မွန်တိုင်းရင်းသားတွေဆီရောက်ခဲ့တယ် ၁၁၄
၃၃။ မသိစရာတွေကများ ၁၁၇
၃၄။ ဘဝခရီးသည်၏အတွေးစများ (၂) ၁၂၀
၃၅။ ဂုဏ်ယူရမယ့်ပြိုင်ဘက်များ ၁၂၄
၃၆။ ပြိုင်စရာပြိုင်၊ ထိမ်းစရာ ထိမ်း ၁၂၈
၃၇။ အာဆီယံစကား ၁၃၁
၃၈။ နိုးထကြသူများ ၁၃၄
၃၉။ ပျော်ပျော်ကြီး အို၊ နာ၊ သေ ၁၃၇
၄၀။ အငှားသံသရာ ၁၄၀
၄၁။ လိုတာတွေရ မရ ၁၄၂
၄၂။ ဥရောပသမဂ္ဂနဲ့ မြန်မာလက်အတွဲ ၁၄၅
၄၃။ ဘောလုံးမှာဆုံးတဲ့ ပြဿနာ ၁၄၇
၄၄။ စိတ်ဓာတ်တွေတံခါးဖွင့်တဲ့ပွဲ ၁၅၀
၄၅။ ၂၀၁၃ သမင်လည်ပြန် ၁၅၃
၄၆။ ဘယ်သူတွေဝိုင်းနေသလဲ ၁၅၆
၄၇။ ၂၀၁၃ကို ဖြတ်သန်းခြင်း ၁၅၉
၄၈။ ငယ်သူငယ်ချင်းတွေပြန်တွေ့ကြရင် ၁၆၄
၄၉။ ဖေ့စ်ဘွတ်စွဲသူတစ်ယောက်ရဲ့ ဖြောင့်ချက် ၁၆၇
၅၀။ အာဆီယံအရေး ဆွေးနွေးကြတာ ၁၇၁


mgyoe.com


mgyoe.com

၅၁။ လူငယ်တွေ ... ထာဝရပျော်ပါစေ ၁၇၆
၅၂။ မကွေးကအပြန် ၁၈၁
၅၃။ မကွေးကအပြန် ၁၈၃
၅၄။ ဖိးလစ်ကော့တလာ (Philip Kotler) ဘာတွေပြောသွားလဲ ၁၈၇
၅၅။ ပျော်စရာ ရွှင်စရာ ကိုယ်ရေးကိုယ်တာ ၁၉၂
၅၆။ တရားနဲ့ ခပ်နီးနီး ၁၉၅



mgyoe.com

mgyoe.com



# ရွှေဖြည့်သည် ငွေဖြည့်သည်နှင့် ရွှေလက် ငွေလက်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်လို့ တက်တက်ကြွကြွ ပြောကြ ဆိုကြတာ တစ်နှစ်ကျော်ကျော်လောက် ရှိရော့မယ် ထင်တယ်။

အခြေခံကစပြီး စဉ်းစားကြမယ်ဆိုရင် ကျွန်တော်တို့ မှာပြည်တွင်း ရင်းနှီးမြှုပ်နှံမှုရော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရော နိမ့်ကျနေပြီး မြင့်မားဖို့ လိုအပ်နေတာ အမှန်ပါ။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ယေဘုယျအားဖြင့် အမြင်နှစ်မျိုးကို တွေ့ရပါတယ်။

ပထမအမြင်တစ်မျိုးကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြောင့်ရရှိမယ့် ဆိုးကျိုးတွေ၊ ထိခိုက်နစ်နာမှုတွေကို အလေးပေးတဲ့အမြင်

mgyoe.com

mgyoe.com

ဖြစ်ပြီးတော့ ဒုတိယအမြင်ကတော့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကရရှိမယ့် ကောင်းကျိုးတွေ၊ ထွက်ပေါ် လာမယ့် အကျိုးကျေးဇူးတွေကို အလေးပေးတဲ့အမြင် ဖြစ်ပါတယ်။

တကယ်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ ကောင်းကျိုးရော၊ ဆိုးကျိုးတွေပါ ရောနေတယ်ဆိုတာရယ်၊ ကောင်းကျိုးများ၊ ဆိုးကျိုးနည်းဖို့ ဉာဏ်ပညာတွေ၊ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ လိုမယ် ဆိုတာတွေ ရယ်တော့ အထူးပြောဖို့ လိုမယ်မထင်ပါဘူး။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြောင့် ဆိုးကျိုးတွေ၊ ထိခိုက်နစ်နာမှုတွေ ဖြစ်မှာစိုးကြတာက အတိတ်က လုပ်ငန်းစီမံကိန်းတွေမှာ ပတ်ဝန်းကျင် ထိခိုက်နစ်နာမှုတွေ၊ လူမှုရေးထိခိုက်နစ်နာမှု တွေကို ထည့်မတွက်ခဲ့လို့ ဆိုးကျိုးခံစားခဲ့ရတာတွေ၊ ခံစားနေရတာ တွေကိုကြည့်ပြီး ပြောကြတာပါ။ အခုဆိုရင် ရင်းနှီးမြှုပ်နှံသူတွေကိုယ်တိုင်က သတိထားလာကြပါပြီ။ ဟိုတုန်းကတော့ ကိုယ်က လည်း မခေါ်၊ ခေါ်တော့လည်း မလာကြတဲ့အချိန်မှာ လာတဲ့သူကိုပဲ မျက်စိမှိတ်ရွေးချယ်ခဲ့ရတဲ့ အနေအထားကနေ ပြောင်းလဲလာနေပြီလို့ ယူဆပါတယ်။

ဒီထဲမှာလည်း အများကိုထိခိုက်မှာထက် ကိုယ့်လုပ်ငန်း၊ ကိုယ့်လုပ်ငန်းစုကို ထိခိုက် နစ်နာမှာ စိုးရိမ်ပူပန်မှုတွေကိုလည်း တွေ့ရပါတယ်။ ကိုယ့်လုပ်ငန်းတွေ ထိခိုက်မှာ စိုးရိမ်သင့် စိုးရိမ်ထိုက်ပေမယ့် နှစ်ပေါင်းများစွာကျင့်သုံးခဲ့တဲ့ သူ့ကို ကိုယ်ကတား ကိုယ့်ကို သူကပိတ် လုပ်ခဲ့တဲ့ခေတ်မျိုး မဟုတ်တော့ပါဘူး။ ကိုယ့်ခွန်ကိုယ့်အားတွေနဲ့ အတိုင်းအတာတစ်ခုအထိ လုပ်ခဲ့ကြပေမယ့် တကယ်တိုးတက်ဖို့ဆိုရင် ဒီထက်မက ကြီးမားတဲ့ အင်အားတွေ ငွေအား၊ လူအား၊ အရင်းအနှီးအားတွေ လိုအပ်ပါတယ်။ ဒါကြောင့် ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့ ပြောနေကြတဲ့ တချို့လုပ်ငန်းတွေဟာ အရင်းအနှီးဘယ်လောက်ရှိသလဲ၊ အတွေ့အကြုံ ဘယ် လောက်ရှိသလဲ၊ နည်းပညာ ဘယ်လောက်ရှိသလဲ မေးလိုက်တာနဲ့ အသံတွေတိတ်သွားကြတာ တွေ့ရပါတယ်။ ရှေ့ဆက်လက်တိုးတက်ဖို့ဆိုရင် လေသံပေးနေရုံနဲ့ မရပါဘူး။

လုပ်သားတွေ ထိခိုက်မှု မရှိဖို့၊ အရည်အသွေးညံ့ ထုတ်ကုန်တွေ မဖြစ်ဖို့ဆိုတဲ့ စံချိန်စံညွှန်းတွေကိုလည်း ကျွန်တော်တို့ ချမှတ်ဆောင်ရွက်ရမှာပါ။ တစ်နည်းပြောရရင်တော့ ကိုယ့်ကိစ္စ၊ ကိုယ့်အလုပ်၊ ကိုယ့်အကျိုးကို ကိုယ်ပဲလုပ်ရမှာပါ။ ကိုယ်ပဲ ကာကွယ်စောင့်ရှောက်ရမှာပါ။

ဒုတိယအုပ်စုက ရင်းနှီးမြှုပ်နှံမှု အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နိမ့်ကျနေလို့၊ ကိုယ့်ပြည်တွင်းအားနဲ့ပဲ မနိုင်လို့၊ ရလာမယ့် အကျိုးကျေးဇူးတွေကိုမျှော်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တွေ ဝင်လာစေချင်တာပါ။ အတိတ်က ပြဿနာတစ်ခုက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဝင်နည်းတာ၊ တချို့နေရာကွက်ကွက်ကလေးပဲ ရင်းနှီးတာ ကျယ်ကျယ်ပြန့်ပြန့် အများအကျိုးရှိအောင် မလုပ် နိုင်ခဲ့တာတွေလည်း မြင်ပြီးသားပါ။

လိုချင်တာကတော့ သားရွှေအိုးထမ်းလာတာ မြင်ချင်တဲ့ကိန်းပါတဲ့။

ဒါတွေက ကျွန်တော်တို့ဘက်က စဉ်းစားတာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဘက် ကလည်း အကောင်းအဆိုး၊ အကျိုးအပြစ်တွေ စဉ်းစားကြတာပါပဲ။ ကိုယ့်ထက်တောင် စဉ်းစား ကြသေးတယ်လို့ ပြောရမလား။ သူတို့ကလည်း စီးပွားရေးလုပ်တာဖြစ်လို့ သူတို့အကျိုးကို

mgyoe.com


ရှေ့တန်းတင်စဉ်းစားမယ်ဆိုတာလဲ ကျွန်တော်တို့ မျှော်လင့်ထားလို့ ရပါတယ်။ ရွေးချယ်စရာက စောစောစီးစီး နေရာဝင်ဦးမလား ဒါမှမဟုတ် ခဏစောင့်ကြည့်ပြီး အခက်အခဲနည်းမှ ဝင်လာရင် ကိုယ့်အတွက် နေရာကျန်ပါဦးမလားဆိုတာ သူတို့စဉ်းစားနေကြတာပါ။ ရင်းနှီး မြှုပ်နှံမှုလုပ်မယ်၊ မလုပ်ဘူးလို့ စဉ်းစားတာမျိုး မဟုတ်ဘဲ အချိန်ကာလနဲ့ ပတ်သက်တဲ့ စဉ်းစားမှု၊ ရွေးချယ်မှုမျိုးကို လုပ်နေတယ်လို့ ကျွန်တော်တို့ နားလည်ပါတယ်။

မေလ (၄) ရက်နေ့ နံနက်ပိုင်း၊ မိတ်ဆွေတစ်ယောက် ပို့ပေးလိုက်တဲ့ သတင်းဆောင်းပါးမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပတာနဲ့ ဆွဲစေ့ထားတာကို တွေ့ရပါတယ်။ ရှေ့မှာ ကျွန်တော်တက်ခွင့် နားထောင်ခွင့်ရတဲ့ ဆွေးနွေးပွဲတွေ၊ ဖတ်ခွင့်၊ ဘာသာပြန်ခွင့်ရခဲ့တဲ့ ဆောင်းပါးတွေမှာလည်း ဒီသဘောတွေကို တွေ့ခဲ့ရပါတယ်။ လုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံသူတွေ အားကြီးမာန်တက် လာကြည့်ကြတယ်။ လိုအပ်နေတာတွေကိုလည်း ကိုယ်တိုင်မြင်တွေ့သေးကြတယ်။ ပြောသလောက်တော့ ရောက်မလာကြသေးဘူး။

တစ်နှစ်အတွင်း ရင်းနှီးမြှုပ်နှံခဲ့ကြသမျှ ပြန်ကြည့်တော့ ထုတ်လုပ်မှုမှာ ဒေါ်လာ (၄၀) သန်း၊ လျှပ်စစ်ဓာတ်အားမှာ (၃၆၄) သန်း၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့က (၃၀၉) သန်း၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းက သန်း(၃၀၀)၊ သတ္တု (၁၅)သန်း၊ စိုက်ပျိုးရေး (၁၀)သန်း၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းက (၆) သန်းရှိတာ တွေ့ခဲ့ရတယ်။

ကုမ္ပဏီတော်တော်များများကတော့ ကိုယ်စားလှယ်အဖွဲ့တွေလွှတ်၊ အခွင့်အလမ်းတွေရှာ၊ ရုံးခွဲတွေဖွင့်၊ တချို့လည်း ဖက်စပ်လုပ်ငန်းတွေ လုပ်ခဲ့ကြတယ်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုက ဒေါ်လာသန်း (၁၄၀၀) လောက်ပဲရှိတယ်။ နှိုင်းယှဉ်စရာက မြန်မာ့လူဦးရေရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ရှိတဲ့လာအိုနိုင်ငံ ၂၀၁၂ ပြက္ခဒိန်နှစ်မှာရခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ အတူတူပဲ။

အကြောင်းပြချက်တွေကတော့ နှစ်ရှည်များစွာချမှတ်ခဲ့တဲ့ စီးပွားရေးပိတ်ဆို့မှု အကြွင်းအကျန်တွေရယ်၊ အခြေခံအဆောက်အအုံ (လမ်းပန်း



mgyoe.com

ဆက်သွယ်ရေး) တွေမပြည့်စုံတာရယ်၊ ဓာတ်အား မလုံလောက်တာ၊ မြေဈေးကြီးတာ၊ ကျွမ်းကျင်လုပ်သား ရှားပါးတာ၊ နီးစပ်ရာလုပ်ငန်းကြီးတချို့ ခြယ်လှယ်တာနဲ့၊ အကျင့်ပျက်မှုတွေရှိနေတာ၊ ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှင်းရှင်းလင်းလင်း မရှိသေးတာ၊ ဌာနဆိုင်ရာတွေမှာ စွမ်းအားမပြည့်စုံတာတွေကြောင့် လက်တွေ့မဆန်တဲ့ မျှော်လင့်ချက်တွေဖြစ်နေတာတွေ့ခဲ့ကြသတဲ့။

လာရောက်မြှုပ်နှံတဲ့နိုင်ငံတွေကြည့်လိုက်တော့ စင်ကာပူက (၄၁၀) သန်း၊ သူ့နောက်က ဗီယက်နမ်နဲ့ တရုတ်၊ ဂျပန်က (၅၄) သန်း၊ အမေရိကန်က အရင်နှစ်ထဲမှာ စာရင်းတောင်မဝင်သေး။

အကြီးဆုံးရင်းနှီးမြှုပ်နှံမှုက ဗီယက်နမ်ကုမ္ပဏီရဲ့ ရုံးတွေ၊ ကုန်တိုက်နဲ့ အိုးအိမ်တွေ စုပေါင်းထားတဲ့ အဆောက်အဦဆောက်လုပ်ရေး၊ ထိုင်းကတော့ ဓာတ်ငွေ့နဲ့ လည်လို့ရမယ့် ဓာတ်အားပေးစက်ရုံ ပထမအဆင့်တည်ဆောက်တာ ပြီးသွားပြီ။


စီးပွားရေးလုပ်ငန်းလုပ်ရာမှာ ငွေလွှဲဖို့က ခက်နေတုန်းတဲ့၊ အကြွေးဝယ်ကဒ်ကလည်း ကျယ်ကျယ်ပြန့်ပြန့် မသုံးသေး။ လိုချင်တဲ့ ဝန်ထမ်းရှာတော့ အင်္ဂလိပ်စာအနေနဲ့ အခြေခံရုံး လုပ်ငန်း ကျွမ်းကျင်မှုရှိတဲ့ လုပ်သားတောင် ရှာရခက်သတဲ့၊ ဒါတောင် စီးပွားရေးလုပ်ငန်းတွေ အတွက် လိုအပ်တဲ့ အထူးကျွမ်းကျင်မှုတွေ၊ စွမ်းရည်တွေ မပါသေးဘူး။ ဒါကြောင့်ထင်ပါရဲ့ ကချို့လုပ်ငန်းတွေက ကိုယ့်လူကိုယ်ခေါ်လာမှ ဖြစ်မယ်ထင်ပါရဲ့လို့ ပြောနေတာ။

ဗီယက်နမ်နိုင်ငံမှာ ၁၉၉၀ ပြည့်လွန်နှစ်တွေအတွင်း အမေရိကန်ရင်းနှီးမြှုပ်နှံမှုတွေကို ဖွင့်ပေးလိုက်တယ်။ ရင်းနှီးမြှုပ်နှံစရာ အခွင့်အလမ်းတွေ ရှာဖွေကြတယ်။ ဒါပေမဲ့ တကယ်တမ်း ရင်းနှီးမြှုပ်နှံမှုတွေလာဖို့က နှစ်ချီပြီးစောင့်ရတယ်။ ဒါကြောင့် ချက်ချင်းလက်ငင်းကြီး ရင်းနှီး မြှုပ်နှံမှုတွေ ဝင်မလာတဲ့အတွက် စိတ်မပျက်ဖို့ မြန်မာကို အားပေးကြတယ်။ ဒီလောက် ကြီးမားတဲ့ နိုင်ငံ တစ်နည်းပြောရရင် ဈေးကွက်၊ အမေရိကန်တွေ ခြေမချရသေးတဲ့ဈေးကွက်က၊ ကမ္ဘာမှာ ဒီတစ်ခုပဲရှိတော့တာ။ ဒီတော့ အနေးနဲ့အမြန်ဆိုသလို မြန်မာနိုင်ငံကို မလာဘဲနေလို့မရဘူး။

ဒီအချိန်က နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ ရွှေဇည့်သည် ငွေဧည့်သည်တွေ မြန်မာနိုင်ငံ လာဖို့ အချိန်ရွေးနေကြတဲ့ အချိန်ပါ။ ကျွန်တော်တို့က မလာကြနဲ့လို့ ပြောရမယ့်အချိန် မဟုတ်တော့ကြောင်းပါ။ ရွှေလက် ငွေလက်ကမ်းလို့ ကြိုကြရမှာပါ။

mgyoe.com

mgyoe.com



# ကမ္ဘာ့စီးပွားရေးဖိုရမ် အဝေးကြည့်

ဘယ်မှာ ရုံးထိုင်သလဲ ? လို့ မေးလာတဲ့အခါ "အိမ်မှာပဲ ထိုင်တာများတယ်။ ဒါမှမဟုတ်ရင် လမ်းပေါ်မှာပဲရှိပါတယ်" လို့ ဖြေပါတယ်။ အခုရက်ပိုင်းမှာ အမေးများတဲ့ မေးခွန်းကတော့ ကမ္ဘာ့စီးပွားရေးဖိုရမ် ရောက်နေသလား ? ဆိုတဲ့ မေးခွန်းပါ။ ဒီမေးခွန်းကိုလည်း ဟုတ်ကဲ့၊ အိမ်ကနေတက်ပါတယ်လို့ပဲ ဖြေလိုက်ပါတယ်။ အစည်းအဝေးတက်ဖို့က ဒေါ်လာလေး၊ ငါးထောင်၊ ပြီးရင် ခရီးစရိတ်နဲ့ ဟိုတယ်ခနဲ့။ ကိုယ့်ကို ဘယ်သူမှလည်း မဖိတ်၊ ကိုယ်လည်း ဒီလောက် လူရာမဝင်လေတော့ အိမ်မှာနေ၊ အင်တာနက်တွေ၊ ဖေ့စ်ဘွတ်တွေကနေ တောက်လျှောက်ကြည့်ပါတယ်။

mgyoe.com

ကြံဖန်ကြွားရမယ်ဆိုရင် နေပြည်တော်ရောက်နေတဲ့ သတင်းသမားတွေထက်တောင် ကိုယ့်ဆီက သတင်းတက်တာကသာမြန်သေး။ ဒီခေတ်ကြီးမှာ လောလောလတ်လတ် ပူပူနွေးနွေးရေးထားတဲ့ ဆောင်းပါး တစ်ပုဒ်ကို နှစ်ပတ်လောက် တန်းစီစောင့်ခိုင်းတဲ့ သတင်းစာက ရှိသေး။

ဒီကနေ (၆.၆.၂၀၁၃) နေ့ဆို ဖိုရမ်နဲ့ပတ်သက်တဲ့ သတင်းတွေ တော်တော်များများ ဖတ်ရပါတယ်။ ထုံးစံအတိုင်း ထပ်တလဲလဲ ပြောနေတဲ့ စကားတွေကိုတော့ ထပ်တလဲလဲ ရေးပြီးသားမို့ ထပ်မရေးချင်တော့ဘူး။ ထူးခြားတာတွေကိုပဲ ပြန်ပြီး ဖောက်သည်ချပါမယ်။ ကမ္ဘာ့စီးပွားရေး ဖိုရမ်၊ အာရှဒေသအကြီးအကဲက ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် လေ့ကျင့်သင်ကြားရေးတွေမှာ တိုးတက်အောင် လုပ်စရာတွေအများကြီးရှိနေသေးတယ်။ ဒီပွဲကတော့ တံခါးတွေဖွင့်လိုက်ပြီဆိုတာ ပြတာပါ။ ဒါပေမဲ့ စိန်ခေါ်မှုတွေက အများကြီး ကျန်နေသေးတယ်။ လူဦးရေရဲ့ ၂၆%က ဆင်းရဲနွမ်းပါးတယ်။ အလုပ်လက်မဲ့က ၃၇% ရှိနေတယ်။ ရင်းနှီးမြှုပ်နှံမှုတွေကို မြန်မြန်ဆန်ဆန် အပြောင်းအလဲတွေ ဖြစ်ပေါ်စေဖို့နဲ့ နိုင်ငံထဲက လူအများစု အကျိုးရှိဖို့လိုတယ်လို့ ပြောသွားတာ တွေ့ရပါတယ်။ မြန်မြန်နဲ့များများ အကျိုးရှိစေဖို့ပေါ့။

ဗြိတိသျှ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Oxfamကလည်း တိကျတဲ့မူဝါဒ ချမှတ်ဆောင်ရွက်မှုတွေ၊ စည်းမျဉ်းစည်းကမ်းတွေမရှိရင် ရင်းနှီးမြှုပ်နှံမှုအသစ်တွေရဲ့ အကျိုးကျေးဇူးကို လူအနည်းစုသာ ခံစားရပြီး လူအများစုလည်းဖြစ်၊ တိုင်းပြည်ရဲ့ စီးပွားရေးမှာ အဓိက ကျောရိုးလည်းဖြစ်တဲ့ အငယ်စား လယ်သမားတွေက ဒီတိုးတက်မှုရဲ့ အသီးအပွင့်ကို မခံစားရမှာ စိုးပါသတဲ့။

ဒါကြောင့် တန်းတူညီမျှဖြစ်စေဖို့၊ ဈေးကွက်ထဲမှာ ပါဝါမညီမမျှဖြစ်နေတာတွေကို ဖြေရှင်းဖို့၊ စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုသစ်တွေ လုပ်တဲ့အခါ အငယ်စား လယ်သမားတွေကို အဓိကထား စဉ်းစားဖို့၊ ဆင်းရဲသားတွေ မတရား အနိုင်ကျင့်ခံရစေတဲ့ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေရဲ့ အားနည်းချက်တွေကို ဖယ်ပေးဖို့ ပြောဆိုတာ တွေ့ရတယ်။

လူ့အခွင့်အရေးနဲ့ တိုင်းရင်းသားတွေနဲ့ ပဋိပက္ခ ဖြစ်နေတာတွေကိုလည်း စိုးရိမ်ပူပန်ကြတာ တွေ့ရပါတယ်။ အမျိုးအနွယ်၊ ဘာသာ၊ အသားအရောင် ခွဲခြားမှုတွေ အဆုံးသတ်ဖို့၊ လူ့အခွင့်အရေးအဖွဲ့တွေက ပြောဆိုတာကိုလည်း ကြားလိုက်ရပါတယ်။ (ဝါရှင်တန်ပို့စ်)

ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီး ရောင်တာနယ်လ်က နိုင်ငံစုံလုပ်ငန်းကြီးတွေအနေနဲ့ မြန်မာနိုင်ငံဟာ စွန့်စားစရာ တချို့လည်းရှိ၊ ဒါပေမဲ့ အခွင့်အလမ်းတွေလည်းရှိတဲ့ သာမန် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ မြန်မာနိုင်ငံကို ဝင်လာနိုင်ပြီလို့ ဧရာဝတီ သတင်းဌာနကို ပြောတာ ဖတ်လိုက်ရပါတယ်။ မျှော်လင့်ချက်သိပ်များနေတယ်။ မျှော်လင့်ချက် များနေတာဟာလည်း မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့ အန္တရာယ်တစ်ခုပဲလို့ ပြောသွားတာ အတွက် လည်း သူ့ကို ကျေးဇူးတင်ရမှာပါ။

ဧရာဝတီရဲ့သတင်းမှာ စိုက်ပျိုးရေးဌာနက ထုတ်ပြန်တဲ့ နောက်ဆုံးသတင်းအချက် အလက်တွေ အရ ၂၀၁၁ ဇန်နဝါရီလ ၃၁ ရက်နေ့ကနေ ၂၀၁၂ မတ်လ ၃၁ ရက်နေ့အတွင်း တစ်နှစ်ကျော်ကျော်ကာလအတွင်းမှာ စီးပွားရေး လုပ်ငန်းတွေနဲ့ နိုင်ငံပိုင်လုပ်ငန်းတွေကို မြေတွေ

mgyoe.com

လွှဲပေးခဲ့တာ ၇၆%၊ ဧကအားဖြင့် ၃.၄၂ သန်း တိုးလာတယ်ဆိုတဲ့အကြောင်း ကိုပါ ဖော်ပြထားတာ တွေ့ရတယ်။ ဒီမြေတွေဟာ အသုံးမပြုတဲ့ ဘယ်သူမှမပိုင်တဲ့ မြေတွေ ဖြစ်နိုင်သလို ဒေသခံတွေ သုံးနေပေမယ့် မှတ်တမ်းမှတ်ရာ တရားဝင် ခိုင်ခိုင်မာမာ မရှိတဲ့ မြေတွေလည်း ဖြစ်နိုင်ပါတယ်။

ဒါကြောင့် ဖိုရမ်ကို တက်ရောက်နေတဲ့ တခြား အရပ်ဘက်အဖွဲ့အစည်းတစ်ခုကလည်း မြန်မာပြည်သူတွေရဲ့အသံကို ဖိုရမ်အနေနဲ့ နားထောင်ဖို့၊ အစိုးရတွေ၊ ရင်းနှီးမြှုပ်နှံသူတွေနဲ့ တခြား ဆက်နွှယ်နေတဲ့သူတွေကို တိုက်တွန်းတာ တွေ့ရပါတယ်။ တချို့ကလည်း နေပြည်တော်သာမက ကချင်ပြည်နယ်နဲ့ ကရင်ပြည်နယ်တွေကိုပါ သွားရောက်လည်ပတ်လေ့လာကြဖို့ တိုက်တွန်းထားတာလည်း တွေ့ရပါတယ်။ ဒါပေမဲ့ ညီလာခံရဲ့ ခေါင်းစဉ်တစ်ခုဖြစ်တဲ့ "ကြွယ်ဝချမ်းသာမှုကို မျှဝေခြင်း" ဆိုတာ ဝေးဝေးသွားကြည့်စရာ မလိုဘူး။ အစည်းအဝေး ခန်းမနဲ့ မလှမ်းမကမ်းက ကျွဲကျောင်းသားကို မေးကြည့်ရင် သူ့ဘဝက မပြောင်းလဲသေးဘူးလို့ ဖြေမယ်ဆိုတဲ့အကြောင်း ရေးထားတယ်။

ကမ္ဘာ့ပြိုင်ဆိုင်နိုင်စွမ်း ကွန်ရက် (Global Competitiveness Network) က တွဲဖက်ညွှန်ကြားရေးမှူးနဲ့ စီးပွားရေးပညာရှင်၊ ဘန်ကောက်ပို့စ်သတင်းစာနဲ့ တွေ့ဆုံဖြေကြားထားတာကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်လို့ပြောတဲ့အခါ သူတို့က စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ဒါတွေ ပိုကောင်းအောင်လုပ်ဖို့ အချိန်လဲ မကြာဘူး၊ ပိုက်ဆံလည်း မကုန်ဘူး။ ဒါပေမဲ့ သိပ်လွယ်တာတော့ မဟုတ်ဘူး။ နိုင်ငံရေးဆန္ဒပြင်းပြင်းပြပြရှိဖို့လည်း လိုတယ်။ ခိုင်မာတဲ့၊ တည်ငြိမ်တဲ့၊ ကြိုတင်တွက်ဆလို့ ရတဲ့၊ မြင်သာထင်သာတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ငန်းချင်းပြိုင်ဆိုင်ရာမှာ၊ အကျင့်ပျက်မှုကို တိုက်ဖျက်ရာမှာ၊ ပိုင်ဆိုင်ခွင့်၊ ဘဏ်၊ အခွန်အကောက်၊ စီးပွားရေးလုပ်ငန်း စတဲ့ နေရာတွေမှာ ရှိရမယ်။ ချမှတ်ထားတဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို လူတွေက လိုက်နာအောင် လုပ်ပေးရမယ်။

၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံဟာ စီးပွားရေးလုပ်ငန်းတွေကို အထောက်အကူဖြစ်စေတဲ့ ပတ်ဝန်းကျင်တစ်ခုဖြစ်အောင် မြန်မြန်ဆန်ဆန် ကြိုးစားအားထုတ်နေတာ တွေ့ရတယ်။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေလို အချိန်တိုအတွင်း အမီလိုက်နိုင်မယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ စီးပွားရေး လုပ်ငန်းပတ်ဝန်းကျင်တွေ (ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းတွေ) ကလည်း စင်းလုံးချော မဟုတ်ပါဘူးဆိုတဲ့ စကားကြားရတာတော့ အားတက်စရာပါ။

ဒါပေမဲ့ နိုင်ငံရဲ့လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံအဆင့် စီးပွားရေးဝန်းကျင်၊ ဘဏ္ဍာရေး၊ နည်းပညာနဲ့ အစွမ်းအစတွေပါ ထည့်တွက်မယ်ဆိုရင်တော့ သိပ်အားရစရာ မကောင်းဘူး။ ခိုင်မာတဲ့စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ရေးဆွဲအကောင်အထည်ဖော်နိုင်မယ်ဆိုရင် တခြားပြဿနာတွေလည်း အတန်အသင့် ပြေလည်သွားမယ်၊ စီးပွားရေး လုပ်ငန်းတွေ ရင်းနှီး မြှုပ်နှံမှုတွေဝင်လာနိုင်တယ်။ အဆိုးသံသရာကို ရပ်တန့်ပြီး အကောင်းသံသရာ စလည်နိုင်မယ်လို့ တွက်ဆထားတာ တွေ့ရပါတယ်။

mgyoe.com

 mgyoe.com 

အင်တာနက်မှာ ဖိုရမ်နဲ့ပတ်သက်လို့ ဖတ်ရတဲ့ စိတ်ဝင်စားစရာ သုံးသပ်ချက်တွေက အတော်များပါတယ်။ ဆင်းရဲသားတွေအတွက် ငွေရှိပြီး ချမ်းသာတဲ့သူတွေအတွက် ဘဏ်ရှိတာ ဘဏ္ဍာရေးမူဝါဒဆိုရင် မကောင်းဘူးလားလို့ မေး၊ မှတ်ချက်ပေးတာကိုလည်း တွေ့ရတယ်။ ဥပဒေစိုးမိုးမှု Rule of Law ပြီးရင် ဘယ်လို မူဝါဒတွေ ချမှတ်အကောင်အထည် ဖော်မှာလည်း၊ အဲဒီမူဝါဒအပေါ် မူတည်ပြီးမှ ရလဒ်တွေထွက်ပေါ်လာမှာဆိုတော့ မူဝါဒတွေ သိချင်တယ်လို့ မေးတဲ့သူလည်း ရှိတယ်။ မြန်မာနိုင်ငံက စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်တာကတော့ ခဏခဏ ပါပဲ။ ဒါပေမဲ့ ဒီမိုကရေစီ တည်ဆောက်ရေးကတော့ အခုမှ စတာလို့ ပြောတာကိုလည်း ကြားသိရတယ်။

စင်ကာပူ ဝါရင့်ဝန်ကြီး ဂိုချောက်ထောင်ကတော့ အရင်နှစ် ဖွန်လက မြန်မာနိုင်ငံကို သူရောက်ခဲ့တာနဲ့စာရင် မြန်မာနိုင်ငံဟာ သိသာထင်ရှားတဲ့ တိုးတက်မှုတွေ ရနေပါတယ်။ ၂၀၁၅ အကျော် ကာလတွေအတွက် တည်ငြိမ်မှုရှိအောင် လုပ်နေကြတာ တွေ့တယ်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနဲ့စာရင် စီးပွားရေး ပြုပြင်ပြောင်းလဲမှု နောက်ကျနေတာက တော့ နိုင်ငံရေးအရ ဘာဖြစ်မလဲဆိုတာ စောင့်ကြည့်နေကြလို့ ဖြစ်မယ်လို့ သုံးသပ်သွားပါတယ်။

နောင် ၂၅ နှစ်ဆိုရင် မြန်မာနိုင်ငံဟာ အာရှကျား (Asian Tiger) ဖြစ်ရုံသာမက Asia Jaguar ပါ ဖြစ်မယ်ဆိုပြီး နာမည်ကျော်တံဆိပ်တွေနဲ့တွဲပြီး မှန်းဆထားတာ တွေ့ရတယ်။


အရှေ့တောင်အာရှဒေသက လက်ပ်တော့ ကွန်ပျူတာတွေ၊ စမတ်ဖုန်းတွေ သုံးစွဲတာဟာ ကမ္ဘာ့ပျမ်းမျှ သုံးတဲ့နှုန်းထက် မြင့်တယ်။ အွန်လိုင်း (အင်တာနက်) သုံးစွဲတာ ပိုများတယ်။ အဲဒါနဲ့ ကြွယ်ဝချမ်းသာမှုကို ဘယ်လို ဆက်စပ်ကြမလဲဆိုတဲ့ မေးခွန်းကို ဝင်ဖြေတဲ့သူက ပြောင်းပြန်ပြန်ပြီး ကြွယ်ဝချမ်းသာလို့ပဲ ပိုပြီးသုံးတာ မဟုတ်လားလို့ မေးတယ်။

ဒီကနေ့ တစ်နေ့လုံးလိုလို အင်တာနက် ဖွင့်ပြီး သတင်းတွေကြည့်၊ ဖိုရမ်က ဆွေးနွေးတာတွေ နားထောင်၊ ဓာတ်ပုံရိုက်ပြီး ပြန်တင်တယ်။ ဘယ်သူတွေ ရောက်နေတယ်၊ ဘာတွေ ဆွေးနွေးတယ်ဆိုတာ အကုန်တွေ့နေရတယ်။ ညနေပိုင်းမှာ အသံလွှင့်ဌာနတစ်ခုက နေပြည်တော် ဖိုရမ်အကြောင်း မေးချင်လို့ နေပြည်တော် ရောက်နေသလားဆိုပြီး မေးတယ်။ အိမ်မှာပဲနေပါတယ် ဆိုတော့ ဒါဖြင့် မမေးတော့ဘူးဆိုပြီး ဖုန်းပြန်ချသွားတယ်။ အွန်လိုင်းကနေ တစ်ချိန်လုံး အဝေးရောက်ပွဲတက်နေတယ်ဆိုတာလေးမှ မပြောလိုက်ရဘူး။

၀

mgyoe.com

mgyoe.com



# စကားပြောကြသူများ

တစ်ရက်ကတော့ ဆွေးနွေးပွဲတစ်ခုမှာ ဦးဆောင်ဆွေးနွေးပေးပါလို့ဆိုပြီး ခေါင်းစဉ်ကြည့်လိုက်တော့ ကိုယ်နဲ့သိပ်ပြီး အလှမ်းဝေးတဲ့ ဘာသာမဟုတ်လေတော့ သေသေချာချာ ပြင်ဆင်ပြီးသွားတယ်။ ကိုယ့်အလှည့်က ၁ နာရီခွဲလို့ ဆိုပေမယ့် ကိုယ့်နောက်ကအဖွဲ့က အရေးကြီးတဲ့ ကိစ္စရှိလို့ ရှေ့တက်ချင်သတဲ့။ တက်ပေါ့။


ကိုယ်က အေးအေးဆေးဆေးပဲ။ တစ်ခုပဲ။ ကိုယ်ပြောတဲ့အလှည့်ကျ ပရိသတ်က ရှိပါ့ဦးမလား။ ပွဲစတာတောင်မှ လူငယ်တွေ၊ ပရိသတ်တွေက မသိလို့လား၊ သူတို့နဲ့မဆိုင်ဘူးလို့ သဘောထားသလား မပြောတတ်။ အားရပါးရ သိပ်မရှိ။ အခမ့်ဟောပြောပွဲတွေ၊ သင်တန်းတွေပေးနေတာတောင် လူငယ်တွေက သိပ်မလာကြ၊ သိပ် မတက်ကြဘူးလို့ တလောက ညည်းသံကြားခဲ့ရသေးတယ်။

mgyoe.com

mgyoe.com

ကိုယ့်အလှည့်ရောက်တဲ့ အခါကျတော့လည်း တစ်ယောက်က အရေးကြီးလို့ အရင်ပြောချင်သတဲ့။ အခမ်းအနား မော်ဒရေတာ (Moderator) လုပ်တဲ့သူကလည်း ဝင်ပြောလိုက်ချင်သေး။ အရေးကြီးလို့ အရင်ဆုံး ပြောပါရစေဆိုတဲ့ သူကလည်း ဆယ်မိနစ်ပြောရမှာ မိနစ်နှစ်ဆယ် ပြောချသွား၊ မော်ဒရေတာက နာရီမကြည့်လို့ သူ့ကို သတိပေးရတယ်။ နောက်ဆိုရင် မော်ဒရေတာက ဘယ်သူလဲ၊ ကိုယ်နဲ့ အတူပြောမယ့် သူတွေက ဘယ်သူလဲ ဆိုတာ ကြိုမေးထား၊ ကြိုရှောင်ထားမှ ရမယ်။ ပရိသတ်တွေက အိပ်ပျော်လို့။ ကိုယ့်အလှည့်ရောက်မှ နိုးရတယ်။ နောင်ပြန်တွေတဲ့ အခါ သမီးတို့က ဆရာနိုးသွားတဲ့သူတွေလို့ နှုတ်ဆက်လေ့ ရှိတယ်။

လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်လောက်က ဘတ်စ်စကားပေါ်မှာ သာသနာ့ဝန်ထမ်းတွေ အတွက် နေရာတွေ ဖယ်ပေးတတ်ကြသလို သာသနာ့ဝန်ထမ်းတွေကလည်း အသက်ကြီးသူ၊ ကိုယ်ဝန်ဆောင်၊ မကျန်းမာသူတွေအတွက် နေရာဖယ်မပေးသင့်ဘူးလားဆိုတဲ့



mgyoe.com

မေးခွန်း စပေါ်ခဲ့တယ်။ ဟောပြောပွဲခတ်ပုံတစ်ပုံတင်တော့ ဒုတိယ တန်းမှာ သာသနာ့ဝန်ထမ်းတွေ ရောက်နေလို့ အမေးခံရတယ်။ ဒီကနေ့လည်း နှစ်ခါတောင် နေရာဖယ်ပေးရတယ်။ တစ်ခါက တော့ အခမ်းအနားစီစဉ်သူတွေ၊ နောက်တစ်ခါတော့ သာသနာ့ဝန်ထမ်းတွေ ကိုယ်တိုင်က ဖယ်ခိုင်းတာ၊ ဖယ်ပေးလိုက်ပါတယ်။

ဆွေးနွေးပွဲစတော့ မျက်မမြင်ကျောင်းက ဆရာက ဟိုတုန်းကတော့ မျက်မမြင်တွေကို ဘာလုပ်ပေးရမယ်လို့ စဉ်းစားသတဲ့။ အခု မျက်မမြင်ဖြစ်ပေမယ့် ငါတို့ ဘာလုပ်ပေးရမလဲ စဉ်းစားသတဲ့။ ဝေယျာဝစ္စတာဝန်တွေကို သူတို့က တာဝန်ယူလိုက်သတဲ့။

ပညာရေးအကြောင်း ဆွေးနွေးကြရာမှာ နယ်တွေက တက်လာတဲ့ ဆရာ၊ ဆရာမတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေက အတော်အားကောင်းတယ်။ ကျောင်းသား အဖွဲ့အစည်းတွေ ကလည်း အတော်တောင့်တယ်။ တပ်မတော်သားနဲ့ အရပ်ဘက် ကျောင်းသား အတူတက်သင့်၊ မတက်သင့်ကိစ္စတွေလည်း ဆွေးနွေးကြတယ်။ သားငယ်တချို့က ၇၅ % ကျောင်းတက်ချိန် ပြည့်မီ ရမယ့်ကိစ္စ ဆွေးနွေးကြတော့ ပညာရေးအရည်အသွေး မြှင့်တင်ဖို့ဆိုရင် ၉၉ %အထက် ကျောင်း တက်ချိန်ပြည့်ရမယ်လို့ ပြန်ပြောလိုက်တယ်။

ဆရာတော်တစ်ပါးက နိုင်ငံရပ်ခြားတက္ကသိုလ်တွေမှာ ဓမ္မာစရိယဘွဲ့ကို လက်ခံ အသိ အမှတ်ပြုတယ်။ မဟာဘွဲ့ဆက်တက်ခွင့်ပြုတယ်။ မြန်မာနိုင်ငံမှာ ခွင့်မပြုသလို သာသနာ့ တက္ကသိုလ်တွေကလည်း များများစားစား လက်မခံနိုင်ကြဘူး။ ဒါကြောင့် ငွေကြေးကုန်တယ်။ ယဉ်ကျေးမှု အခက်အခဲရှိတယ်လို့ ဆွေးနွေးတယ်။ တခြား ဘာသာတွေကလည်း သူတို့ရဲ့ဘွဲ့ကို လက်ခံဖို့ ဝိုင်းဝန်းဆွေးနွေးကြပြန်ရော။


နယ်စပ်ဒေသမှာ တခြားနိုင်ငံက ပြန်လာတဲ့ကလေးတွေ တက္ကသိုလ်တက်ဖို့၊ ဘယ်ဘာသာ စကားနဲ့ စစ်ဆေးကြမလဲ။ ဆရာမတစ်ယောက်ကတော့ အင်္ဂလိပ်စာနဲ့တဲ့။ မြန်မာစကား မတတ်ဘူး တဲ့။ ဒီမှာ တခြားဘာသာတွေနဲ့ရော ဖြေလို့မရဘူးလား။ သူတို့က သင်ပေးမယ့် ဆရာ၊ ဆရာမ၊ စစ်ပေးမယ့် ဆရာ၊ ဆရာမ ရှိရဲ့လား။ ကမ္ဘာနဲ့မီအောင် ရင်ပေါင်တန်း လိုက်နေကြချိန်မှာ တိုင်းရင်းသားဘာသာတွေကို သိပ်အချိန်ပေးရင် ရှေ့တက်ဖို့ ဝန်လေးနေမလား ဆိုတာတွေ ဆွေးနွေးကြပါတယ်။

ကိုယ်သိဏာနဲ့ တကယ် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတာတွေရဲ့ ကွာဟမှု၊ ဖြစ်ချင် တာ၊ ဖြစ်စေချင်တာနဲ့ ဖြစ်နိုင်တာတွေရဲ့ အလှမ်းကွာဝေးမှု၊ ဖြစ်သင့်တာတွေက တခြား၊ ဖြစ်နိုင်တာတွေကတခြား ဖြစ်နေလေရော့သလားလို့ တွေးမိတာပါပဲ။

✪

mgyoe.com

mgyoe.com



# ကမ္ဘာ့စီးပွားရေးဖိုရမ်
# အဝေးကြည့် (၂)

မြန်မာနိုင်ငံကို လာရောက်တဲ့ ဧည့်သည်တစ်ယောက်ဖြစ်တဲ့ KPMG က Satya Ramamunlty တော့ နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံအဆောက်အအုံ ကောင်းမွန်ဖို့ဆိုရင် ဆယ်စုနှစ်နဲ့ချီကြာတယ်။ စောစောပိုင်းနှစ်တွေဆို ပိုခက်ခဲတယ်။ အန္တရာယ်လည်း ပိုများတယ်။ စီမံကိန်းဆွဲရတာ၊ အတည်ပြုချက် ယူရတာတွေလည်း နှစ်ချီပြီးကြာတတ်တယ်။ အဲသလိုတွက်ရင် မြန်မာနိုင်ငံက နှစ်တိုတိုလေးအတွင်းမှာ လုပ်နိုင်တာတွေဟာ ထူးခြားတယ်။ မဖွံ့ဖြိုးသေးတာတွေ၊ လိုအပ်နေတာတွေက အများကြီး။ လိုအပ်နေတဲ့ကဏ္ဍတွေကလည်း အားလုံး ကိုယ်ဖြစ်ချင်တာတွေဖြစ်ဖို့ အကောင်အထည်ဖော်ရာမှာ အဆင့်ငါးဆင့်ကို တွေ့ရတယ်။

(၁) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းတာ၊ ဆက်သွယ်ရေးဥပဒေ၊ အထူးစီးပွား

mgyoe.com

ရေးဇုန်ဥပဒေနဲ့ ကွန်ဒိုမိနီယမ် ဥပဒေတွေ ဆွဲနေတာဟာ အခြေခံအဆောက်အအုံနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှင်းလင်းပြတ် သားမှု၊ ကြိုတင်တွက်ဆနိုင်မှုရှိအောင် လုပ်နေတာ ဖြစ်တယ်။

(၂) စွမ်းအင်ကဏ္ဍမှာ အတွေ့အကြုံရှိထားတယ်။ ဆက်သွယ်ရေးနဲ့ သယ် ယူပို့ဆောင်ရေးကဏ္ဍမှာ ဝယ်ယူပုံ၊ ဝယ်ယူနည်းနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ တက်လာတယ်။ ဒါကြောင့် ငွေပေးရကျိုးနပ်တဲ့ ဆက်သွယ်ရေးပစ္စည်းတွေကို ဦးစားပေး အစီအစဉ်ချ ဝယ်တတ်အောင် လိုအပ်တဲ့ စွမ်းရည်တွေ အစိုးရက တည်ဆောက်နေတယ်။

(၃) ပြည်တွင်း ပြည်ပကုမ္ပဏီတွေ ပူးပေါင်းပြီ။ နိုင်ငံခြားအတွေ့အကြုံနဲ့ ဒေသအခြေအနေတွေ ပေါင်းစပ်နိုင်မယ့် ကဏ္ဍအတော်များများမှာ ဖက်စပ်လုပ်ကြဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေက တိုက်တွန်းထားတယ်။ ဒေသခံလုပ်ငန်းတွေကို ဒီနည်းနဲ့ ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်ပက နည်းပညာနဲ့ စီမံခန့်ခွဲမှုစွမ်းရည်တွေ လွှဲပြောင်းယူနိုင်မယ်။

(၄) ဗဟိုဘဏ် ဥပဒေပြဋ္ဌာန်းဖို့ လုပ်နေတယ်။ အခြေခံအဆောက်အအုံမှာ ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုဖို့၊ လွတ်လပ်စွာ အရင်းအနှီးစီးဝင်ခွင့်ပြုနိုင်အောင် ဘဏ်စနစ် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဘဏ္ဍာရေးဈေးကွက်တွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေတယ်။

(၅) အနာဂတ်မှာ လုပ်ဆောင်အကောင်အထည်ဖော်မယ့် လုပ်ငန်းစီမံကိန်းကြီးတွေအားလုံးဟာ စီးပွားရေးအကျိုးအမြတ်လည်း ကြီးမား၊ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ဖန်တီးနိုင်ရမယ် ဆိုတာ ပြသပြီး အများပြည်သူနဲ့ ယုံကြည်စိတ်ချမှုရရှိအောင် ဆောင်ရွက်နေတယ်။ ပတ်ဝန်းကျင်လည်း ထိခိုက်မှုမရှိစေရဘူး။ လူမှုစီးပွား အကျိုးပြုရမယ်။ ဒါမှသာ စဉ်ဆက်မပြတ် အားလုံးပါဝင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရမယ်။

ကမ္ဘာ့စီးပွားရေးဖိုရမ် တတိယနေ့ဖြစ်တဲ့ ဇွန်လ ၇ ရက်နေ့မှာ ပြောကြတဲ့ စကားတွေထဲက စကားကြီးဆယ်ခွန်းကို ကောက်နုတ် ဖော်ပြထားတာ အခုလိုတွေ့ရပါတယ်။

ကမ္ဘာကြီးက မြန်မာအကြောင်း သိပ်သိချင်ကြတယ်။

(မြန်မာ ဟိုတယ်နှင့် ခရီးသွားဝန်ကြီး)

ကလေးတွေကို ကမ္ဘာလှည့်ခရီးသည်တွေက စိတ်မဝင်စားပါဘူး။

(အမှုဆောင် အရာရှိ၊ Friends International)

ကမ္ဘာကြီးကို ကြိုဆိုလက်ခံတဲ့နည်းနဲ့ ကိုယ့်နိုင်ငံကို ဖျက်ဆီးပစ်မှာ မဟုတ်ဘူး ဆိုတာ ကျွန်တော်တို့ ရဲရဲတင်းတင်း၊ ခိုင်ခိုင်မာမာ ပြောရပါမယ်။

(ဖိလစ်ပိုင်ကမ္ဘာလှည့်ခရီးသွားဝန်ကြီး)

ဘာလုပ်လုပ် အပြစ်လွတ်တဲ့ခေတ် မရှိတော့ဘူး။ ကိုယ်လုပ်ချင်တာ လျှောက်လုပ်ပြီး တာဝန်မယူပဲနေလို့ မရဘူး။

(ဖိလစ်ပိုင် သမ္မတ)

mgyoe.com

 mgyoe.com 

လူ့အရင်းအနှီးဆိုတာ အံ့သြလောက်အောင် ကိုယ့်ကိုကပ်နေတတ်တဲ့ အရင်းအနှီးမျိုး ဖြစ်တယ်။ ကိုယ့်အဖွဲ့အစည်းထဲမှာ သေသေချာချာ လူ့ အရင်းအနှီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရင် စိတ်တူ သဘောတူရှိတဲ့လူတွေ ရောက်လာမယ်။ ဘွဲ့ရလူငယ်တွေက ဒီအဖွဲ့အစည်းက "ကျွန်တော် တို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဘာလုပ်ပေးမလဲ" လို့ မေးကြတယ်။

(စင်ကာပူ စီမံခန့်ခွဲမှုတက္ကသိုလ်၊ ဒု-ဥက္ကဋ္ဌ)

ဒီရေတက်ရင် အာဆီယံအသင်းဝင်လှေတွေ အားလုံး မြင့်တက်မယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြည့်ပြီး ပညာယူမယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကြည့်ပြီး ရင်းနှီးမြှုပ်နှံကြမယ်။

(ဖိလစ်ပိုင် Ayala ကော်ပိုရေးရှင်းဥက္ကဋ္ဌ)

ကိုယ့်ကိုယ်ကို ဆိတ်ကြည့်စမ်းပါ။ ယှဉ်နိုင်စရာတောင် မရှိဘူး။ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ကလွတ်တာ သုံးနှစ်တောင် မရှိသေးဘူး။ အခုလို ဆွေးနွေးငြင်းခုံနေတာမြင်ရတာ ဘယ်လောက် အံ့သြစရာကောင်းသလဲ။

(ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်၊ အုပ်ချုပ်ရေးမှူး)

ကျွန်တော်တို့နိုင်ငံဟာ အထီးကျန်တဲ့နိုင်ငံ ဖြစ်ခဲ့ဖူးပါတယ်။ အခုတော့ ကျွန်တော်တို့ဟာ ကမ္ဘာပေါ်မှာ ကျွန်တော်တို့ရဲ့ နေရာမှန်ကို ပြန်ရောက်ပါပြီ။

(မြန်မာသမ္မတကြီး ဦးသိန်းစိန်)

ပြည်သူတွေ ထောက်ခံမှုရတဲ့၊ လုပ်ပိုင်ခွင့်ရတဲ့အစိုးရဟာ ပြည်သူတွေကို လုပ်ပိုင်ခွင့်ပြန်ပေးတယ်။

(ဖိလစ်ပိုင် သမ္မတ)

ကျွန်မတို့နိုင်ငံသားတွေ ပြန်လာနိုင်၊ သူတို့ရဲ့ အစွမ်းအစတွေ ပြန်သယ်လာနိုင်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်စေချင်ပါတယ်။

(ဒေါ်အောင်ဆန်းစုကြည်)

ဒါနဲ့ သတိရလို့ ဒုတိယနေ့မှာ ဘာတွေများပြောခဲ့ပါလိမ့်လို့ ပြန်ကြည့်တော့ ကျွန်မ သမ္မတ ဖြစ်ချင်ပါတယ်။ မဖြစ်ချင်ဘူးလို့ ဟန်ဆောင်ရင် ကျွန်မ မရိုးသားတာ။

(ဒေါ်အောင်ဆန်းစုကြည်)

နောင် ၂၅ နှစ်ကြာရင် မြန်မာနိုင်ငံဟာ Asian Tiger အာရှကျားသာ မဟုတ်၊ Asian Jaguar, Asian Cheetah လည်း ဖြစ်မယ်။ တစ်ခြားနိုင်ငံတွေဆီက သင်ခန်းစာတွေရပြီး ရှေ့ဆက်ထွန်းကားမယ်။

(အမေရိကန် ပက်ပစီကုမ္ပဏီ ဥက္ကဋ္ဌ)

mgyoe.com

ကျွန်တော်တို့ဟာ ကမ္ဘာပေါ်က နိုင်ငံအားလုံးနဲ့ မိတ်ဆွေ ဖြစ်ချင်ပါတယ်။

(မြန်မာနိုင်ငံခြားရေး ဒုတိယဝန်ကြီး)

လက်စားချေတာကို ကျွန်မ သဘောမကျဘူး။ ဒါပေမဲ့ တာဝန်ယူတယ်ဆိုတာ သတ္တိရှိတာနဲ့ ဆက်နွှယ်နေတယ်။ ကျွန်မက သတ္တိရှိတာကို သဘောကျတယ်။

(ဒေါ်အောင်ဆန်းစုကြည်)

သူတို့ ဘယ်လောက်လိပ်ပြာသန့်သန့်နဲ့ ယူဆောင်လာသလဲဆိုတာကို ကြည့်ပြီး ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံသူတွေကို ဆုံးဖြတ်မယ်။

(ဆာ့ချ်ပန်း)

အာဆီယံဒေသဟာ စိတ်လှုပ်ရှားစရာ အကောင်းဆုံး၊ ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းရှိတဲ့နေရာ။

(Tanek Sultan Al Essa, ကူဝိတ်)

အသေးစား ငွေကြေးလုပ်ငန်းဟာ အောက်ခြေကစပြီး လူတွေ ဘဏ်စနစ်ကို သုံးတတ်အောင် ပညာပေးနိုင်ပါတယ်။

(ဦးသန်းလွင်)

ဈေးကွက်တွေမှာ စွန့်စားရမှု မရှိဖို့ တောင်းဆိုခြင်း မရှိဘူး။ မူဝါဒချသူတွေနဲ့ တရားဝင် လုပ်ဆောင်နေတဲ့သူတွေက စွန့်စားစရာတွေ တိုးမလုပ်ဖို့ကိုပဲ တောင်းဆိုတယ်။

(စင်ကာပူ အမျိုးသားတက္ကသိုလ်၊ တွဲဖက်ပါမောက္ခ)

တစ်စုတစ်စည်းတည်းရှိတဲ့ အာဆီယံမှာ သူတို့အကျိုးရှိနိုင်တယ်ဆိုတာ လူတွေကို သက်သေပြဖို့လိုတယ်။

(ဖိလစ်ပိုင် ဘဏ္ဍာရေးဝန်ကြီး)

ဒီဒေသရဲ့ ကြွယ်ဝချမ်းသာမှုကို မြန်မာလူငယ်တွေ မျှဝေခံစားစေချင်တယ်။

(သမ္မတ ဦးသိန်းစိန်)


❂

mgyoe.com

mgyoe.com

# ချမ်းသာအောင်လုပ်တာ အပြစ်လား

ကျွန်တော်တို့ အစောပိုင်း ဖြတ်သန်းခဲ့ရတဲ့ခေတ်က ဆိုရှယ်လစ်ခေတ်ပါ ဆိုရှယ်လစ်ခေတ်ထဲမှာ ကျွန်တော်တို့ ရခဲ့တဲ့ ဆိုးဝါးတဲ့ သင်ခန်းစာတစ်ခု ကတော့ "ခေါင်းပုံဖြတ်" "အမြတ်ကြီးစား" ဆိုတာပါ။ မြတ်ရင် ခေါင်းပုံဖြတ်တာပဲ၊ မကောင်းဘူးလို့ မှတ်သားလာခဲ့တာ။ ကျွန်တော်တို့ဆရာ၊ ဆရာမ တွေဆို အနောက်နိုင်ငံတွေမှာ ပညာသင်သွားကြ တော့ ဟိုဘက်ကပါမောက္ခတွေက သူတို့ရဲ့ အမြတ်ဆန့်ကျင်ရေး အစွဲကို အတော်လေး ချွတ်ယူရတယ် ကြားတာပဲ။ ဒီပြန်ရောက် တော့လည်း ခေတ်နဲ့ ပြန်ဝင်အောင် မူလ အစွဲလေး ပြန်ယူရတော့တာပေါ့။ ရှစ်လေးလုံး အရေးအခင်းမှာ ကျောင်းတွေပိတ်တော့ စာတွေ လိုမ့်ဖတ်ရင်း နည်းနည်း သဘောပေါက်လာတဲ့အခါ "အမြတ်၏



mgyoe.com

အခြားတစ်ဖက်၌" ဆိုပြီး "အတွေးအမြင်"မှာ ရေးခဲ့သေးတယ်။ ဆိုလိုချင်တာက လုပ်ငန်းရှင်သန်နိုင်ဖို့ အမြတ်ရရမယ်၊ လုပ်ငန်းရဲ့ စွမ်းရည်ကို အမြတ်နဲ့ တိုင်းတယ်၊ ပြိုင်ဆိုင်မှုရှိရင် အမြတ်ကြီးစားဖို့ ခက်တယ် စသည့် ဖြင့်ပေါ့လေ။

ဆိုရှယ်လစ်ခေတ်ရဲ့ အမွေတစ်ခုက "ညီတူညီမျှ ဖြစ်စေဖို့" ဆိုတာလည်း ပါတယ်။ ဒီမှာလည်း နောက်ပြောင်စရာတစ်ခုက ညီတူညီမျှ မချမ်းသာနိုင်တာနဲ့ ညီတူညီမျှ ဆင်းရဲအောင်လုပ်ရမယ်တို့၊ တချို့သူတွေက သူများထက် ပိုညီမျှ (more equal) ဆိုတာမျိုးတွေလည်း ရှိရဲ့။ ညီတူညီမျှ ရှိဖို့အရေး အလေးပေးလိုက်တော့ တိုးတက်မှုဆိုတဲ့ဘက်က လျော့သွားပြန်ရော။ ပြီးတော့ လက်ဝဲတို့၊ မဝဲတဝဲတို့ စာတွေ ဖတ်ပြီး ဆင်းရဲတာ၊ ပစ္စည်းမဲ့တာပဲ ကောင်းသလိုလို ဖြစ်ခဲ့သေးတာလေ။

ထားပါတော့။ ဒါတွေကို အခု ဘာဖြစ်လို့ ပြန်ပြောနေရသလဲ ဆိုတော့ ညီတူညီမျှဆိုတာ ကျွန်တော်တို့ လွန်ခဲ့တဲ့အနှစ် ၃၀ လောက်က စွန့်ပစ်ခဲ့ပြီး တိုးတက်မှုကို ရှေးရှု၊ အပြင်အပနဲ့လည်း ဆက်ဆံလာခဲ့ကြပြီ။

တိုင်းပြည်တိုးတက်တာ၊ ချမ်းသာတာ၊ တိုးတက်ချမ်းသာအောင်လုပ်တာ မင်္ဂလာတစ်ပါးပါ။ ဘယ်မှာ အပြစ်ရှိသလဲ။ ကျဲပါးနေတဲ့ နိုင်ငံတကာ ဆက်ဆံရေး ပိုကောင်းအောင်လုပ်တာလဲ မင်္ဂလာတစ်ပါးပါ။

နိုင်ငံ တိုးတက်အောင်၊ ချမ်းသာအောင်လုပ်တာ အပြစ်မဟုတ်ပါ။ မတိုးတက်အောင်၊ မချမ်းသာအောင်လုပ်တာသာ အပြစ်ပါ။



mgyoe.com

mgyoe.com


နိုင်ငံတိုးတက်ရင် ရေမြင့်ကြာတင့်ဆိုသလို နိုင်ငံသားတွေလည်း တိုးတက်ကြ၊ ကြွယ်ဝကြ၊ ချမ်းသာကြမယ်။ နိုင်ငံတိုးတက်မှုနဲ့ နိုင်ငံသားတွေရဲ့ တိုးတက်မှု ဆက်စပ်နေစေရမယ်။ ဆက်စပ်မှုရှိအောင်လည်း လုပ်ပေးရမယ်။ ဆူကြဲ့နိမ့်မြင့် ကွာဟမှု ကြီးမားမလာအောင် လုပ်ရမယ်။ ကံမကောင်း အကြောင်းမလှလို့ ဖွံ့ဖြိုးရေး ပင်မရေစီးကြောင်းထဲ မလိုက်နိုင်တဲ့သူတွေအတွက် လူမှုဖူလုံရေးအစီအစဉ်တွေ ရှိရမယ်။ ငွေမျက်နှာပဲကြည့်တဲ့ ဈေးကွက်စီးပွားရေးစနစ်မှာ ငွေမရှိတဲ့သူတွေအတွက်လည်း အစီအမံတွေ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်လုပ်ပေးထားဖို့ လိုအပ်ပါတယ်။ ဆင်းရဲသားတွေ ချမ်းသာဖို့ နိုင်ငံဆင်းရဲစရာမလိုပါ။ နိုင်ငံချမ်းသာမှ၊ အင်အားရှိမှ၊ တောင့်တင်းမှ ဆင်းရဲသားတွေကို ပိုပြီးကူညီနိုင်မယ်။ ဆင်းရဲသားတွေကို ချမနင်းတဲ့နိုင်ငံ ချမ်းသာနည်းကို လိုအပ်ပါတယ်။

ဘာတွေ လုပ်ရမလဲ၊ ဘာတွေလုပ်ကြမလဲဆိုတာလည်း ဒီခေတ်၊ ဒီအချိန်မှာ ပေးကြတဲ့ အကြံဉာဏ်တွေက တစ်ပုံတစ်ခေါင်းကြီး။ ဟိုကခေါ်ချင်၊ ဒီက ပြောချင်တာတွေလည်း အများသား။ ဘေးမှာ ထိုင်ကြည့်နေတဲ့သူတွေတောင်မှ တစ်ပတ်တစ်ပတ် ဧည့်ခံလိုက်ရတဲ့ ဧည့်သည်၊ ဖြေလိုက်ရတဲ့ တယ်လီဖုန်း၊ နည်းနည်းလေးမှမသက်သာ။

ကိုယ်လုပ်စရာတွေ၊ လုပ်နိုင်တာတွေကလည်း အခုလောက်ဆို အတော်ရှင်းနေပါပြီ။ မလုပ်ပေးနိုင်သေးတာတွေအတွက် မျှော်လင့်ချက် သိပ်မပေးနဲ့။ မနိုင်တာတွေ လျှောက်လုပ်ရင် ဆေးအတွက် လေးမယ်။ တတ်နိုင်တာ၊ လုပ်နိုင်တာတွေ အကုန်လုပ်ပေး။ ဒါပဲ မဟုတ်လား။

mgyoe.com

mgyoe.com



# ဆက်သွယ်ရေး ပြီးတော့ ... ဆက်ဆံရေး

မနှစ်ကတည်းက ဟောင်ကောင်တက္ကသိုလ် ဆွေးနွေးပွဲ ဒီနှစ် လုပ်မယ့်ရက်ကို ကြိုချိတ်ထားပေမဲ့ အနားနီးလို့ ဖိတ်စာရောက်မလာဘူး။ ဒါပေမဲ့ လှမ်းမေးကြည့်လိုက်တော့ ဖိတ်စာ ရောက်လာတာနဲ့ ဒီခရီးတစ်ခု သွားဖြစ်လိုက်ပါတယ်။ ဟောင်ကောင်မသွားမီမှာ ကွန်ပျူတာ လုပ်ငန်းရှင်တွေနဲ့ တောင်ငူ ပါသွားလိုက်သေးတယ်။


တောင်ငူက မိတ်ဆွေတွေက ဒါ ဒုတိယ အခေါက်ပေါ့နော်လို့ ဆီးပြောကြပါတယ်။ မိတ်ကောင်းဆွေ ကောင်းတွေနဲ့ ခရီးကောင်းတွေကို သွားရတာ ပျော်စရာထက် ကျေနပ်စရာ၊ အကျိုးရှိစရာတွေ ဖြစ်ပါတယ်လို့ ပြောရင် ပိုပြီး မှန်ကန်ပါတယ်။

mgyoe.com

mgyoe.com

ဒီလမ်းကြောင်းကို နှစ်ခေါက်ရောက်ဖူးတာက ကိုယ် တစ်ယောက် ထဲဆိုတော့ လူလည်ကြီးလုပ်ပြီး စားစရာ၊ သွားစရာတွေ ပြောရပေမယ့် စားရေး သောက်ရေးမှာတော့ ကိုယ့်ထက် ကျွမ်းကျင်သူတွေပါတယ်။ အရင်တစ်ခေါက်က တောင်ငူမုန့်ဟင်းခါးဆိုတာ မစားခဲ့ရပါဘူး။ သိတောင်မသိလိုက်ဘူး။ ဒီတစ်ခေါက်မှာတော့ ဒေသခံတွေ လိုက်ကျွေးဖို့အရေး မကုန်ခင် ကြိုတင်မှာထားလို့ စားကြည့်တော့လည်း ကောင်းသားပဲ။ ကိုယ်စားနေတုန်း နောက်မှရောက်လာပြီး ကုန်သွားပြီဆိုလို့ စိတ်ပျက်လက်ပျက် ပြန်သွားတဲ့သူတွေတောင်မှ အားနာနေမိသေးတယ်။

ကွန်ပျူတာ လုပ်ငန်းရှင်တွေနဲ့တော့ အမှုဆောင်တွေက ပိုပြီး ထိတွေ့မှုရှိဖို့ကို အဓိကထားပြီး ဆွေးနွေးမိကြတာပါ။ ကိုယ့်အလုပ်ထဲကို ကိုယ်မြုပ်နေတဲ့အခါ အထိအတွေ့ အဆက်အဆံ နည်းတာ၊ အပြင်အပမှာ ဘာတွေ ဖြစ်နေလို့ ဖြစ်နေမှန်း မသိတာက များများလာပါတယ်။ ပုံမှန်လမ်းကြောင်းကဖြစ်ဖြစ်၊ အလွတ်သဘောနဲ့ ဖြစ်ဖြစ်၊ ထိတွေ့ဆက်ဆံမှုတွေ ပိုလုပ်ဖို့ လိုလာပါတယ်။




mgyoe.com

လူလေးငါးယောက်လောက် ဝိုင်းဖွဲ့ထိုင်နေကြပေမယ့် အားလုံးက ကိုယ့်တယ်လီ ဖုန်းနဲ့ကိုယ်၊ ကိုယ့်အင်တာနက်နဲ့ကိုယ် အလုပ်ရှုပ်နေကြတာတွေကို အတွေ့ရများလာပြီး မျက်နှာချင်းဆိုင် စကား ပြောတာတွေ နည်းလာတာလည်း တွေ့ရပါတယ်။

ဒီတစ်ခေါက်လည်း သံတောင်ကို ထပ်ရောက်ရပြန် တော့ မရောက်ဖူးသေးတဲ့ မိတ်ဆွေတွေက ရှုခင်းတွေ ကြည့်ရတာ နဲ့ အတော်ပျော်ကြပါတယ်။ အင်တာနက်ပေါ်က မိတ်ဆွေတွေကတော့ တည်းခိုစရာနေရာရှိရဲ့လား စုံစမ်းကြတယ်။

ဒီဆွေးနွေးပွဲက ဒုတိယအခေါက် ဟောင်ကောင်ကို ရောက်တာက တတိယအခေါက် ဆိုတော့ သိပ်ပြီး စိတ်မလှုပ်ရှားလှပါဘူး။ ဒါပေမဲ့ အရင်တစ်ခေါက်မှာ ရင်းနှီးခွင့်မရခဲ့တဲ့သူတွေ တော်တော်များများနဲ့ ဒီတစ်ခေါက်မှာတော့ ရင်းနှီးခွင့်ရပါတယ်။ တစ်နှစ်လောက်ကြာမှ ပြန်ဆုံကြတာဆိုတော့ ဟိုတယ်ထမင်းစား ခန်းမှာ ဆုံတဲ့အခါ သိပ်မမှတ်မိပဲ ပြီးမှ တစ်ဖွဲ့တည်းသားတွေ မှန်း သိရတယ်။ ယူနန်တက္ကသိုလ်ဘက်က မိတ်ဆွေတွေနဲ့တော့ အတော်လေး ရင်းနှီးနေပြီးပေမဲ့ ပြဿနာက တရုတ်နာမည်တွေကို မမှတ်မိတာပါ။

ဒီနှစ် ဆွေးနွေးပွဲမှာ အကြောင်းအရာတွေ အတော်စုံသလို လာတဲ့ပညာရှင်တွေကလည်း ဥရောပတို့ဘက်ကတောင် အတော်များတယ်။ ဆွေးနွေးတာတွေကလည်း အတော်ကောင်း သမို့ အိပ်ငိုက်ချိန်တောင် မရပဲ ကမန်းကတန်း လိုက်နေရတယ်။ စိတ်မဝင်စားတဲ့ ခေါင်းစဉ်ဆို အင်တာနက်သုံးလို့ရနေတာလည်း ပါတယ်။ ပညာရပ်ဆွေးနွေးပွဲ ထုံးစံအတိုင်း အကြိတ်အနယ် ဆွေးနွေးကြတယ်။ အပြင်မှာ ပြန်ပြောရင် ပညာရပ်ကို ပြော၊ ဘယ်ပညာရှင်က ဘယ်လိုပြောတယ် ဆိုတာ ပြန်မပြောကြေးဆိုတဲ့ Chatham House Rules ကို လိုက်နာကြရပါတယ်။ အကျယ်အကျယ် မဖြစ်ရအောင် ဒီဆွေးနွေးပွဲ အကြောင်းကိုလည်း ဘယ်သတင်းဌာနကိုမှ ကြိုမပြောရပါဘူး။ ဒါကြောင့် Facebook ပေါ် တင်တာတောင် ကိုယ့်ဓာတ်ပုံလောက် ရှုခင်းပုံလောက်ပဲတင်ပြီး ဆွေးနွေးပွဲဓာတ်ပုံကို ဇာတ်နိုင်သမျှ ရှောင်ပါတယ်။

လူက များများ၊ အချိန်က နည်းနည်းဆိုတော့ ပြောချိန် ဆုံချိန်တောင် သိပ်မရပါဘူး။ တတိယနေ့ နေ့လယ်မှာ လေယာဉ်ချိန်မှီအောင် ကမန်းကတန်း ထပြေးရတယ်။ တကယ်ဆွေးနွေးပွဲ အရှိန်ကောင်းနေတုန်းကြီးမှာပါ။ ဒါပေမဲ့လည်း ကံကောင်းတာက အင်တာနက် အားကိုးနဲ့ စာတွေ အပြန်အလှန်ပို့ပြီး ဆွေးနွေးလို့ ကောင်းနေတာပါ။

လူချင်းတွေပြီး စာရေး၊ စာရေးပြီး လူချင်းတွေ့ ဆက်သွယ်ရေးရော၊ ဆက်ဆံရေးရော နှစ်ခုစလုံး လိုအပ်နေတာပါ။

❂

mgyoe.com

mgyoe.com

# မေ့ထားလို့ မဖြစ်တဲ့ လူငယ်များ

ဒီရက်ပိုင်းမှာ ခရီးသွားတာရယ်၊ ဆွေးနွေးပွဲတက်တာတွေရယ်နဲ့ စာရေးတာ အတော်လေးကျဲသွားတယ်။ ကျဲသွားတယ်ဆိုတာကလည်း ကိုယ့်အတိုင်း အတာနဲ့ ကိုယ်သာ ပြောတာပါ။ တစ်ပတ် လေး၊ ငါးပုဒ်လောက် ရေးနေရာက နှစ်ပုဒ်၊ သုံးပုဒ်လောက် ဖြစ်သွားတာမျိုးပါ။ ကြားထဲမှာက ကိုယ်က ဟောရ၊ ပြောရတာတွေကလည်း ရှိသေးတယ်။ ပြီးတော့ ခေါင်းစဉ်ကလည်း အသေမဟုတ်၊ ပြင်ရ၊ ဆင်ရတာတွေ ရှိတယ်။ ပြီးခဲ့တဲ့ တစ်နှစ်လောက် ကတည်းက ရေးနေတဲ့ စာတမ်းတစ်စောင်ဆို ထပ်ထပ်ဖြည့်နေရတာနဲ့ မပြီးနိုင်၊ မစီးနိုင်ဖြစ်နေတာကို ချူလာလောင်ကောင် တက္ကသိုလ်က ပါမောက္ခတွေက ခုထိသည်းခံပြီး တောင်းနေကြတယ်။



mgyoe.com



တကယ်တော့ ပြန်ပြောရ၊ ရေးရအောင် ဆွေးနွေးပွဲတွေ တက်တာဖြစ်ပေမဲ့ တက်တဲ့ ဆွေးနွေးပွဲတွေ စိတ်လာတဲ့အခါ မရေးနိုင်တော့ပဲ ကြာလာတဲ့အခါ မေ့မေ့ပျောက်ပျောက် ဖြစ်သွားတာလည်း ရှိပါတယ်။ ကြားထဲမှာ တောင်းဆိုကြတာတွေကို မဖြည့်ဆည်းနိုင်တာလဲရှိရဲ့။ ကိုယ် ခွဲထားလို့ရတဲ့ကိစ္စတွေမှ မဟုတ်တာ။

တောင်ငူခရီးစဉ်မှာ ပါလာတဲ့ သမီးငယ်တွေက ဆရာ စာမသင်ဘူးလား၊ သူတို့ကို စာသင်ပေးပါလားလို့ပြောတော့ ဘယ်မှာမှ စာမသင်တော့တဲ့အကြောင်း၊ သင်တန်းတချို့ကို မနည်းသင်နေရတဲ့အကြောင်း ပြောရပါတယ်။ ပညာရေးကွန်ရက်၊ ပညာရေးညီလာခံမှာဆုံတဲ့ သမဂ္ဂ ကျောင်းသားတွေက စာသင်ပေးပါ၊ ဟောပြောပွဲ လုပ်ပေးပါဆိုတော့ ဟောပြောပွဲတော့ အလျဉ်းသင့်တဲ့အခါ လုပ်ပေးပါ့မယ်၊ စာသင်တာတော့ ကျောင်းက ဆရာ၊ ဆရာမတွေနဲ့ပဲသင်ပြီးတော့ စာအုပ်ဝယ်ဖတ်လို့ ပြောလိုက်ရတယ်။

ဒီနေ့ CDEC ဆိုတဲ့ အရပ်ဘက်အဖွဲ့အစည်းလေးတစ်ခုက ၂၀၁၅ အာဆီယံ စီးပွားရေးအဝန်းအဝိုင်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေအကြောင်း ဟောပေးပါဆိုတော့ ဘယ်နှယ့် ၂၀၁၅ အထိ စောင့်နေကြတာလဲ၊ အခုကို တွေ့နေရ၊ ရင်ဆိုင်နေရပြီဆိုပြီး ပြောဖြစ်ပါတယ်။ ဟောပြောပွဲအပြီး ဆွေးနွေးမိတဲ့ အချက်တစ်ချက်၊ နှစ်ချက်က အတော်လေးလန့်စရာဖြစ်သွားပါတယ်။ ဘယ်နှယ့် နိုင်ငံရေးအရ ပွင့်လင်းလာတဲ့ခေတ်ကျမှ ဒီလို ဖြစ်ရတာပါလိမ့်လို့ စဉ်းစားစရာဖြစ်သွားတယ်။

ပထမဆွေးနွေးတာက အခုလူငယ်တွေနဲ့ပတ်သက်တဲ့ ဟောပြောပွဲတွေ အတော်နည်းသွား

 mgyoe.com 

တယ်ဆိုတာနဲ့ နည်းနည်းလန့်သွားတယ်။

ဒုတိယ ဆွေးနွေးချက်က ဟောပြောပွဲသာ နည်းသွားတာမဟုတ်၊ လူငယ်တွေ ဖတ်စရာ စာအုပ်လည်း သိပ်မရှိဘူးဆိုတော့ ပိုဆိုးသွားရော။

နီးနီးနားနား ကုန်တိုက်ကြီးတွေရှိပေမယ့် စာအုပ်ဆိုင်ကောင်းကောင်း မရှိတော့ ကိုယ် ကျင်လည်ကျက်စားနေကျ လှည်းတန်းက စာအုပ်ဆိုင်တွေကို သွားဖြစ်ပါတယ်။ ဆိုင်က ကလေး တစ်ယောက် ပြောပုံကိုကြည့်ပါဦး။ "အစ်မ– ဟို ဒေါက်တာ ဘယ်သူဆို လား၊ မျက်မှန်နဲ့ နဖူးပြောင်ပြောင်နဲ့ပုံလေ– အဲဒီ စာအုပ်ကဈေးနှုန်း ဘယ်လောက်လဲ" တဲ့။

ဒါနဲ့ ကိုယ်က မနေနိုင်တာနဲ့ ဝင်ပြောရတယ်။ "အေး ညည်းတို့ခေတ် မဟုတ်တော့ မသိတော့ဘူးပေါ့အေ၊ အဲဒါ မြန်မာနိုင်ငံမှာ သမ္မတလုပ်သွားတဲ့ ဒေါက်တာမောင်မောင်ရေးတဲ့ စာအုပ်ပါ" လို့။

စာအုပ်ဆိုင်မှာ အများဆုံး လွှမ်းမိုးနေတာက နိုင်ငံရေးစာအုပ်တွေဖြစ်မယ် ထင်ပါတယ်။ နိုင်ငံရေးပွင့်လင်းလာတဲ့ခေတ်မို့ နိုင်ငံရေးအကြောင်း ရေးကြ၊ သားကြ၊ လေ့လာကြ၊ ဟော ပြောကြ၊ ဖတ်ရှုကြတာတွေလည်း များလာတာ အမှန်ပဲ။ ဒါပေမယ့် စောစောက ပြောသလို တခြားဖတ်စရာ ဘာသာရပ်တွေ၊ အကြောင်းအရာတွေ ရွေးချယ်စရာ နည်းသွားတာတော့ အမှန်ပဲ။

အဲသလိုပဲ ဟောပြောပွဲတွေရှိပေမယ့် လူငယ်တွေ (ကျောင်းကြော်ငြာတာ မဟုတ်တဲ့) ပညာရေးအခွင့်အလမ်းတွေ၊ အလုပ်အကိုင်နဲ့ပတ်သက်လို့ ပြင်ဆင်မှုတွေ၊ စိတ်နေစိတ် ထားတွေ၊ တွေကြုံရမယ့် စိန်ခေါ်မှုတွေကိုလည်း ပြောဟောပေးဖို့ ကျွန်တော်တို့ တာဝန်ပေါ့လျော့သွား လေသလား? နိုင်ငံရဲ့ အနာဂတ်ကို အပ်ထားခဲ့ရမယ့် လူငယ်တွေအရေး အလေးမပေးမိဘဲ မေ့လျော့ပေါ့တန်နေမိသလားလို့ ဒီကနေ့ ဟောပြောပွဲက အပြန်မှာ စဉ်းစားနေမိပါတယ်။ ဟောပြောပွဲမှာ မေးမြန်းတာတွေ ကြည့်ရတာကိုက အင်တာနက်ခေတ်၊ တစ်ထောင့်ငါးရာတန် တယ်လီဖုန်းခေတ်မှာ၊ အကြားအမြင် ဗဟုသုတတွေ လုံ့လဝီရိယတွေ အများကြီးလိုနေသေး တယ်ဆိုတာ ဆင်ခြင်မိတဲ့အကြောင်းပါ။

mgyoe.com

mgyoe.com

# အမှတ်တရ ဟောင်ကောင် တတိယအခေါက်

ဟောင်ကောင်တက္ကသိုလ်မှာနေ့လယ်စာကျွေးတဲ့အခါ သူတို့ တက္ကသိုလ်မှာတနင်္လာနေ့ဆိုရင် သက်သတ်လွတ် စားကြဖို့ (Green Monday) လှုံ့ဆော်ထားတယ်။ အသီးအနှံတွေ စားသုံးတာက အသားငါး စားသုံးတာထက် ပတ်ဝန်းကျင်ထိခိုက်မှု နည်းစေတယ်ဆိုပြီးသက်သတ်လွတ်ဆိုင်မှာ ထမင်းကျွေးပါတယ်။ သက်သတ်လွတ်ဆိုင်မှာ ရေးထားတာလည်း ကြည့်ပါဦး။



"ပိုက်ဆံက မင်းဟာ၊ သဘာဝသယံဇာတက ငါတို့ဟာ၊ ချွေတာပါ၊ မဖြုန်းပါနဲ့၊ ကျေးဇူးတင်ပါတယ်"တဲ့။

ပြီးတော့လည်း "ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တာဟာ ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်တယ်" တဲ့။

mgyoe.com

mgyoe.com 

"ဘ၀တွေကို ထိန်းသိမ်းစောင့်ရှောက်တာဟာ နှလုံး သားကို ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်တယ်။ ရက်စက်တဲ့ နှလုံးသားကို ထိန်းသိမ်း စောင့်ရှောက်ရာ ရောက်တယ်။ ရက်စက်တဲ့ နှလုံးသားကို ကြင်နာတဲ့၊ သိမ်မွေ့တဲ့ နှလုံးသားနဲ့ အစားထိုးပါ။ အဲဒီနှလုံးသားနဲ့ တခြားသူတွေရယ်၊ ကမ္ဘာကြီးရယ်ကို ကြည့်ပါ"တဲ့။

ဟောင်ကောင်လေဆိပ်ကိုရောက်တော့ ဒီတစ်ခေါက် ထူးထူးခြားခြား၊ လူ၀င်မှုကြီးကြပ်ရေးမှာ အိမ်ဖော်တွေချည်းစုပြီး တန်းစီနေတာ တွေ့ရတယ်။ ဟောင်ကောင်ရဲ့ထူးခြားချက်က အပြန်မှာ၊ လူ၀င်မှုကြီးကြပ်ရေးကိုမဖြတ်ရဘဲ၊ အကောက်ခွန်ကို ဖြတ်ရပါတယ်၊ လေကြောင်းလိုင်း၀င်တာ (Check in) ကို၊ ဘူတာရုံ (ဟောင်ကောင်) မှာ လုပ်ရင်ရသလို၊ လေဆိပ်ရောက်မှ လုပ်ရင်လည်းရတယ်၊ ဟောင်ကောင်ဘူတာရုံမှာ ထိုင်းလေကြောင်းလိုင်း (TG) ကို၊ Check in ၀င်တဲ့အခါ၊ အတူပါလာတဲ့ မိတ်ဆွေကအရင်လုပ်တော့၊ ခဏစောင့်ရတာပေါ့၊ စောင့်လည်း စောင့်နိုင်ပါတယ်၊ ဒါပေမဲ့ ဘေးကလေကြောင်းလိုင်းက လာလေဆိုပြီး ကိုယ့်အတွက် (Check in) လုပ်ပေးလိုက်တယ်၊ တခြားလေကြောင်းလိုင်းက (Check in) လုပ်ပေးတာ၊ ဒီတစ်ခါပဲကြုံဖူးတာ။ ဟောင်ကောင်ကနေ ဘန်ကောက်ခရီးမှာ ခရီးသည်ချောင်လို့ ခုံ (၃) ခုံမှာ ကိုယ်တစ်ယောက်ပဲရှိတယ်။ ဒီတော့ တော်တော်လေး လွတ်လွတ်လပ်လပ်နေလို့ရတယ်။

ထူးခြားတာက ဘန်ကောက်နဲ့ မြန်မာအကူးပါ၊ ဘန်ကောက်လေဆိပ်မှာ အ၀ေးကြီးလျှောက်ပြီး လေယာဉ်ရှိရာလာရမယ်ထင်လို့ စောစောထွက်လာကာမှ လေယာဉ်ထွက်ခွာမယ့် ထွက်ခွာခန်းမကအနီးလေး၊ ဒါပေမဲ့ ဘတ်စ်ကားနဲ့ လေယာဉ်ရှိရာလာရတာက၊ ရန်ကုန် အထိပြန်ပို့သလားထင်ရတယ်၊ လေယာဉ်ကွင်းအဆုံးနားမှာ ကိုယ့်လေယာဉ်က ရပ်ထားတာ ကိုး။ လေယာဉ်ပေါ်ရောက်မှ မြန်မာနိုင်ငံက မိသားစုတွေ၊ မိတ်ဆွေတွေတော်တော်များများနဲ့ ဆုံရတယ်။ ဒီခရီးမှာတော့ ခရီးသည်ကအပြည့်။ ထူးခြားတာကတော့ လမ်းတစ်၀က်လောက်မှာ ဘေးခုံကခရီးသည်တချို့ လန့်ဖျပ်ကုန်ကြတယ်။ ဘာဖြစ်တာလဲမေးတော့၊ ထိုင်ခုံက မီးခိုးလည်း ထွက်၊ အနံ့လည်း ထွက်လို့တဲ့။ လေယာဉ်၀န်ထမ်းတွေရောက်လာ၊ မီးသတ်ဆေးဗူးနဲ့ မှုတ်လိုက်တော့၊ ခဏနဲ့ ပြီးသွားတာပါ။


ကိုယ်ကတော့ တစ်ခုခုဖြစ်ရင် လေယာဉ်ထဲဆိုတော့ ဘာမှ လုပ်လို့ရတာမဟုတ်ဘူး၊ ဖြစ်ရင်လည်း မြန်မာပြည်ဘက်မှာ ဖြစ်မယ်၊ တကယ်ဖြစ်ရင်လည်း၊ ကိုယ်ကတော့ ဘာမှဖြစ်မှာ မဟုတ်ဘူး၊ ဥပဇ္ဈာယ်ဒကကံနဲ့ သေမှာမဟုတ်ဘူးလို့ ယုံကြည်ထားတယ်လေ။

အနီးအနားထိုင်ခုံက အမျိုးသမီးတစ်ယောက်ကတော့ ဘာမကျေနပ်တယ်မသိ၊ လေယာဉ်မယ် ဖြေရှင်းတာ လက်မခံ၊ လေယာဉ်မောင်းကလာပြောမှ ကျေနပ်တော်မူတယ်။

အိန္ဒိယနွယ်ဖြစ်ပုံရတဲ့ ခရီးသည်နှစ်ယောက်ကတော့ လေယာဉ်ကကျွေးတာလဲ မစားကြ၊ သူတို့ခုံကို တစ်ချိန်လုံးနောက်လှန်ထား၊ နောက်ကလူတွေ ဒုက္ခရောက်လို့၊ လေယာဉ်မယ်ကို လက်ညှိုးထိုးပြတော့၊ လေယာဉ်မယ်က သူတို့ခုံကိုရှေ့ပြန်တိုး လုပ်ခိုင်းတယ်။

ဟောင်ကောင်မှာ ဒုတိယညနေရောက်တော့ အတူပါမိတ်ဆွေငယ်က ကျွန်တော်တို့

mgyoe.com




ဘယ်မှမရောက်သေးဘူး၊ ထွက်လည်ရအောင်ဆိုတော့ သူတို့ဧည့်ခံတဲ့ ညနေစာမစားဘဲ ထွက်လာကြတယ်၊ ဘယ်သွားမလဲဆိုတော့၊ ညဈေးတဲ့။ နောက်ကျတော့ အင်တာနက်မှာ ရှာကြည့်လိုက်တဲ့အခါ သူပြောတဲ့ (Mogok) ဆိုတာ ကိုယ်အရင်တစ်ခါ ရောက်ဖူးပြီး မိုးကုတ်လို့မှတ်ထားတဲ့ နေရာဖြစ်နေတယ်။ သော့တွဲတွေ၊ တီရှပ်တွေက၊ အရင်တစ်ခေါက်ကအတိုင်း ဆိုတော့ စိတ်မဝင်စား။ အတူပါတဲ့ မိတ်ဆွေငယ်က၊ ဝက်ကလီစာ စားချင်တာကို တန်းစီရတယ်၊ ကြိုက်တာ ဝယ်မောင်ရေ၊ ဈေးတော့ အနည်းဆုံး ခေါက်ချိုးလောက်ဆစ်မှ တန်ရာကျတာဆိုတော့၊ သူက ဈေးဆစ်ရတာ သဘောမကျဘူးတဲ့၊ တစ်ခွန်းဈေးပဲ သဘောကျသတဲ့။

ကျောပိုးအိတ်လေးတစ်လုံး သဘောကျတာနဲ့ ဈေးမေးကြည့်တော့၊ ဟောင်ကောင် ဒေါ်လာ ၁၆၀ တဲ့၊ ဘယ်လောက်ပေးမလဲဆိုတော့ ငါးဆယ်ဆိုပြီး ဖြေလိုက်တာ တရုတ်မက ဆွေ့ဆွေ့ခုန်လို့၊ နေလေဆိုပြီးထွက်လာတော့ သူ့ဟာသူလျှော့လိုက်တာ ခြောက်ဆယ်အထိ ရောက်ပေမယ့် ကိုယ်ကလှည့်ကိုမကြည့်ဘူး မှတ်ကရော။

❂

mgyoe.com

mgyoe.com

# လှူဒါန်းပေးကမ်းရုံနဲ့ ကောင်းမွန်တဲ့ CSR လုပ်တယ်လို့ မဆိုနိုင်ပါ

Corporate Social Responsibility (CSR) နှင့်ပတ်သတ်၍ The Trade Times ဂျာနယ်မှ သစ်နေမိုးက ရန်ကုန် စီးပွားရေး တက္ကသိုလ် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု ပညာဌာန၊ ဌာနမှူး ပါမောက္ခ ဒေါက်တာ မိုးမိုးခိုင်နှင့် တွေ့ဆုံ မေးမြန်းခဲ့မှုများကို ရေးသားဖော်ပြလိုက် ပါသည်။

CSR ကို လူတွေနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က သိပ်မပြည့်စုံလို့ ပြည့်ပြည့်စုံစုံသိပါရစေ။

CSR ဆိုတာ Corporate Social Responsibility ပေါ့။ မြန်မာလို ဆိုရင်တော့ စီးပွားရေးလုပ်ငန်းတွေရဲ့ တာဝန်သိတတ်မှုလို့ ဆိုရမယ်။ ဥပမာ ကိုယ်ထုတ်လုပ်တဲ့ပစ္စည်း ကြောင့် ကျန်းမာရေးထိခိုက်မယ်ဆိုရင်၊ ဒဏ်ရာရမယ်ဆိုရင် ကိုယ့်ကုမ္ပဏီမှာ တာဝန်ရှိပါတယ်။ အဲဒီတာဝန်တွေကို




mgyoe.com

mgyoe.com

ယူခြင်းဟာ အခြေခံအကျဆုံး CSR လို့ ပြောရမှာပေါ့။ ဒါပေမဲ့ အများက CSR ဆိုတာ လူ့အဖွဲ့အစည်းက ကူညီလှူဒါန်းတွေလုပ်တာလို့ လက်ခံထားကြတယ်။ ဒီအလုပ်တွေလည်း CSR ထဲမှာပါတယ်။ ဒါတွေကတော့ လုပ်ငန်းရှင်တွေက ကိုယ့်အကျိုးကို လုပ်ရင်း၊ အခြားသူတွေရဲ့အကျိုးကို စေတနာရှိတာတွေ၊ လုပ်သွားနိုင်တာတွေ ဖြစ်ပါတယ်။ ကိုယ့်လုပ်ငန်း လုပ်ဆောင်ချက်ကနေ လူတွေရဲ့ပတ်ဝန်းကျင်ကို ထိခိုက်စေတာတွေကို တာဝန်မယူဘဲနဲ့ အလှူ အတန်းတွေလုပ်ရုံနဲ့တော့ ကောင်းမွန်တဲ့ CSR လုပ်နေတယ်လို့ မဆိုနိုင်ပါဘူး။

CSR ခေတ်စားလာရတဲ့ အကြောင်းအရင်း တွေက ဘယ်ကနေ စလာတာပါလဲခင်ဗျာ။

ဒီကနေ့ CSR ခေတ်စားလာရတဲ့ အကြောင်းအရင်း နှစ်ခုရှိပါတယ်။ တစ်ခုကတော့ စားသုံးသူတွေ၊ ဝန်ထမ်းတွေနဲ့ အခြားလူမှုရေးအဖွဲ့အစည်းတွေက စီးပွားရေးလုပ်ငန်းတွေရဲ့လုပ်ရပ်ကြောင့် လူ့အဖွဲ့အစည်းနဲ့ ပတ်ဝန်းကျင်ကို ထိခိုက်စေတာတွေကို သတိပြုမိလာလို့ပါ။ ဒီလိုသတိပြုမိလာတော့ သူတို့တွေက လုပ်ငန်းတွေရဲ့လုပ်ဆောင်ချက်တွေကို တာဝန်ယူဖို့ တိုက်တွန်းအရေးဆိုတာတွေ ရှိလာတယ်။

တစ်ဖက်ကလည်း လုပ်ငန်းရှင်တွေဘက်က ကိုယ့်ဖောက်သည်တွေ၊ ဝန်ထမ်းတွေ၊ လူတွေနဲ့ ဆက်ဆံရေးကောင်းတဲ့လုပ်ငန်းမျိုး ဖြစ်နိုင်မယ်လို့ သတိပြုမိပြီး ပြုပြင်တာတွေလည်း ရှိတယ်။ အနည်းဆုံးတော့ လုပ်ငန်းတစ်ခုအတွက် Image (အမြင်) ကောင်းကိုရချင်ရင် အခုပြောတဲ့ အလုပ်တွေကိုလုပ်ဖို့ လိုလာပြီလို့ မြင်လာတာလည်း ဖြစ်နိုင်ပါတယ်။

ကုမ္ပဏီရဲ့ Business Plan နဲ့ Strategy တွေမှာ CSR ထည့်သွင်း ရေးဆွဲလေ့ ရှိပါသလား။



mgyoe.com

mgyoe.com

စီးပွားရေးအဖွဲ့အစည်း တစ်ခုဟာ သဘာဝပတ်ဝန်းကျင်၊ စားသုံးသူတွေ၊ ဝန်ထမ်းတွေနဲ့ လူ့အဖွဲ့အစည်းအပေါ် ဘယ်လို ပုံစံနဲ့ ဖြည့်ဆည်းဖို့လိုအပ်ပါသလဲ။

ကုမ္ပဏီရဲ့ Plan နဲ့ Strategy တွေမှာ CSR ကို ထည့်သွင်းရေးဆွဲလေ့ရှိပါတယ်။ မလုပ်သေးဘူးဆိုလည်း လုပ်သင့်ပြီဖြစ်ပါတယ်။ ဥပမာလုပ်ငန်းတစ်ခုအနေနဲ့ သူထုတ်လုပ်မယ့် ပစ္စည်း၊ ထုတ်လုပ်မယ့် နည်းပညာ၊ အသုံးပြုမယ့် ကုန်ကြမ်းတွေကို စဉ်းစားကတည်းက ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ရဲ့လား၊ စားသုံးသူနဲ့ လုပ်သားတွေအတွက် အန္တရာယ် ကင်းရဲ့လား၊ ဒါတွေကို တစ်ပါတည်းစဉ်းစားရမှာ ဖြစ်ပါတယ်။ အမှိုက်စွန့်ပစ်မှုတွေနဲ့ ရေဆိုးစွန့်ပစ်မှုတွေအတွက်လည်း စနစ်တကျ စဉ်စားခဲ့ရမှာ ဖြစ်ပါတယ်။ ပြန်လည်အသုံးပြုနိုင်သလား။ အန္တရာယ်မရှိအောင် ဘယ်လို Treat လုပ်ရမလဲ၊ အစရှိသဖြင့်ပေါ့လေ။

စီးပွားရေးလုပ်ငန်းဟာ CSR လုပ်ဖို့အတွက် ဘတ်ဂျက်ခွဲဝေချထားဖို့ လိုအပ်ပါသလား၊ Operation Income ထဲကဘယ်လောက်ထိထည့်ဝင်ဖို့ လိုပါသလဲ။

စီးပွားရေးလုပ်ငန်းကလုပ်တဲ့ CSR တွေထဲမှာ ငွေရေးကြေးရေးအရ စဉ်းစားရင်လည်း နှစ်မျိုးခွဲခြားပြီးစဉ်းစားဖို့ လိုပါတယ်။ စောစောကပြောခဲ့သလို ပတ်ဝန်းကျင်မပျက်စီးစေတဲ့ နည်းပညာတွေသုံးဖို့၊ အလုပ်ခွင်အန္တရာယ်ကင်းရှင်းတဲ့ လုပ်ငန်းခွင်တွေ ဖန်တီးပေးဖို့၊ အန္တရာယ်ကင်းတဲ့ ကုန်ပစ္စည်းတွေ၊ ထုတ်လုပ်ရေးအတွက် သုသေသနပြုဖို့၊ ဒါမျိုးတွေအတွက် သုံးစွဲရတဲ့ အသုံးစရိတ်တွေကိုလုပ်ငန်းရဲ့ ရင်းနှီးမြှုပ်နှံမှုပြုတဲ့အနေနဲ့ မြင်သင့် သုံးသင့်ပါတယ်။ လူမှုရေးလုပ်ရှားမှုတွေလုပ်တဲ့၊ ထည့်ဝင်လှူဒါန်းတဲ့ CSR အလုပ်တွေကတော့ အကျိုးအမြတ်ဖြစ်ထွန်းလာမှ ကိုယ့်အကျိုးအမြတ်ကိုသူများအတွက် မျှဝေတဲ့သဘောမျိုးနဲ့ အသုံးပြုသင့်တာ ဖြစ်ပါတယ်။ CSR လုပ်ဖို့ ဘယ်လောက်သုံးသင့်သလဲတော့ မပြောနိုင်ဘူးပေါ့။ CSR ကိုပဲ လုပ်ငန်းကအရှုံးခံပြီး လုပ်ဖို့လည်း မဟုတ်ပါဘူး။

CSR က ကော်ပိုရေးရှင်းတစ်ခုရဲ့ Image ကို ဘယ်လိုမြင့်တက်စေနိုင်ပါသလဲဗျ။

လုပ်ငန်းတစ်ခု Marketing လုပ်တဲ့အခါ Public Relation နဲ့ Publicity ဆိုတဲ့ အများအမြင်မှာ အမြင်ကောင်းရဖို့လုပ်ရတဲ့ လုပ်ဆောင်ချက်တွေဆိုတာ ရှိပါတယ်။ငွေကုန် ကြေးကျခံပြီးလုပ်ရတဲ့ အလုပ်တွေပါ။ Corporate Social Responsibility လုပ်ရပ်တွေဟာ လုပ်ရပ်ကောင်းတွေဖြစ်တဲ့အတွက် ဒီလုပ်ရပ်တွေကိုပီပီပြင်ပြင်လုပ်နိုင်ရင် လုပ်ပါတယ်လို့ လည်း အများပြည်သူကို မြင်အောင်ပြနိုင်ရင် လုပ်ငန်းအတွက် Image ကောင်းကို ရစေနိုင်ပါတယ်။

Corporate Social Responsibility လုပ်ရပ်တွေကိုလုပ်တဲ့ လုပ်ငန်းလို့ သက်သေပြနိုင်ရင် လျှောက်ထားနိုင်တဲ့ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်တွေ ရှိပါတယ်။ ဥပမာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေလုပ်တဲ့ ISO 14000 ရနိုင်ပါတယ်။ အလုပ်ခွင်အန္တရာယ် ကင်းရှင်းရေး လုပ်ရပ်တွေ လုပ်ထားတဲ့လုပ်ငန်းတွေ OSH နဲ့ ပတ်သက်တဲ့ လက်မှတ်တွေ ရနိုင်ပါတယ်။ ဒီလက်မှတ်တွေ ရထားပါတယ်ဆိုတဲ့ အမှတ်တံဆိပ်ကလေးတွေကို ကိုယ့်ကုန်ပစ္စည်းမှာ ဖော်ပြထားလို့ရပါတယ်။ ဒီအမှတ်တံဆိပ်လေးတွေ ပါမပါဆိုတာကို ပြည်တွင်းဈေးကွက်ကလူတွေ

mgyoe.com

သတိတောင် ထားမိချင်မှ ထားမိမယ်လို့ ပြောကောင်းပြောကြလိမ့်မယ်။ ဒါပေမဲ့ ပြည်ပဈေးကွက် ကစားသုံးသူတွေ သတိထားမိပါတယ်။ သူတို့အတွက် အမြင်ကောင်းကိုလည်း ဖြစ်စေပါတယ်။

ပရဟိတလုပ်ငန်း လုပ်ကိုင်ခြင်းဟာ CSR လို့ ယူဆလို့ ရပါသလား။ ဘယ်လိုကွဲပြား ခြားနားပါသလဲ။

ပရဟိတလုပ်ငန်းတွေလုပ်တာဟာ Corporate Social Responsibility ပဲပေါ့။ ဒါပေမဲ့ Corporate Social Responsibility ဆိုတာ ငွေကြေးများများကုန်ကျပြီး ကြီးကြီး ကျယ်ကျယ်လုပ်မှ မဟုတ်ပါဘူး။ အများကောင်းရာကောင်းကျိုးဖြစ်သွားမယ့် ဘယ်လုပ်ရပ်မျိုး ကိုမဆို လုပ်လို့ရ ပါတယ်။ ကိုယ့်လုပ်ရပ်ကသူများအပေါ် ဝန်မတက်ပေးတာလည်း Corporate Social Responsibility ပါပဲ။

မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းတွေကို CSR နဲ့ ပတ်သက်လို့ ဆရာမအနေနဲ့ ဘယ်လို Message မျိုးပေးချင်ပါသလဲ။

မြန်မာနိုင်ငံမှာ တာဝန်မဲ့လုပ်ကိုင်နေကြတဲ့ စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိပါ တယ်။ ရေဆိုးစွန့်ပစ်တာတို့၊ လုပ်ငန်းခွင် အန္တရာယ်မကင်းတာတို့၊ စိတ်မချရတဲ့ ကုန်ပစ္စည်း တွေ ရောင်းချတာတို့၊ တာဝန်မဲ့လုပ်ရပ်နဲ့ စီးပွားရေးထောင်ထားပြီးမှ တာဝန်မဲ့လုပ်ရပ်ကနေ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကိုလိုက်ရှင်းနေရတာထက် အစကတည်းက နည်းမှန်လမ်းမှန်နဲ့ ကြီးပွားကြတာ ပိုကောင်းမယ်ထင်ပါတယ်။

အခုဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မြန်မာနိုင်ငံမှာဆောင်ရွက်ကြရာမှာ ပတ်ဝန်း ကျင်ထိခိုက်စေလို့ဆိုပြီး အရေးဆိုလာကြတာတွေ တွေ့လာရတယ်။ မြန်မာလူမျိုးတွေ အနေနဲ့ CSR အမြင် ပွင့်လင်းလာတဲ့သဘောပါပဲ။ စီးပွားရေးပွင့်လင်းမှုကြောင့် ပြည်တွင်းရော ပြည်ပပါ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ကြရာမှာ တာဝန်ယူတတ်တဲ့ လုပ်ငန်းတွေဖြစ်အောင် ကြီးကြပ်ဖို့ သိပ်ကို အရေးကြီးပါတယ်။

အဲဒီလိုကြီးကြပ်နိုင်ဖို့ ဥပဒေတွေ၊ လူအား၊ ငွေအား၊ နည်းပညာအားကောင်းတဲ့ ကြီးကြပ်ရေး အဖွဲ့အစည်းတွေရှိဖို့ လိုပါတယ်။ မဟုတ်ရင်တော့ တာဝန်မဲ့လုပ်ရပ်တွေရဲ့ ချမ်းသာ သူက ချမ်းသာလာပေမယ့် ပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းက နာကျင်ပျက်စီးပြီး ကျန်ခဲ့ရမှာပဲ။ ဒါကို တရားမျှတတယ်လို့ မပြောနိုင်ပါဘူး။

mgyoe.com

mgyoe.com



# အင်ဒိုနီးရှား စိုက်ပျိုးရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် ကျန်းမာရေး အတွေ့အကြုံများ

(၁) ကျွန်တော်တို့နိုင်ငံကို တခြားနိုင်ငံနဲ့ နှိုင်းယှဉ်ပြောကြတဲ့အခါမှာ အင်ဒိုနီးရှားနိုင်ငံနဲ့ မကြာခဏနှိုင်းယှဉ်ပြောတတ်ကြပေမယ့် တကယ်တမ်းကျတော့ အင်ဒိုနီးရှားနိုင်ငံအကြောင်းကို ကျွန်တော်တို့ သိပ်မသိကြပါဘူး။ ကံအားလျော်စွာ ဇွန်လ ၂၆ နဲ့ ၂၇ ရက်တွေမှာ အင်ဒိုနီးရှားသုတေသီတွေနဲ့ မြန်မာသုတေသီတွေ အပြန်အလှန် ဆွေးနွေးတဲ့ပွဲကို တက်ရောက်ခွင့်ရခဲ့ပါတယ်။ ဆွေးနွေးပွဲကို မြန်မာဘက်က နိုင်ငံခြားရေး ဝန်ကြီးဌာနနဲ့ Myanmar Institute of Strategic and International Studies (MISIS) နဲ့ အင်ဒိုနီးရှားဘက်က ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီသိပ္ပံ (Institute for Peace and Democracy) တို့ ပူးတွဲပြီး ကျင်းပ

mgyoe.com

ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ အင်ဒိုနီးရှား မြန်မာ ဆွေးနွေးပွဲအပြီး နောက်တစ်ရက်၊ နှစ်ရက်လောက်နေတော့ ဒေါက်တာ ဒေါ်ရင်ရင်နွယ်ရဲ့ အင်ဒိုနီးရှား ဒီမိုကရေစီနဲ့ပတ်သက်တဲ့ စာတမ်းတွေကို ရလိုက်ပြန်ပါသေးတယ်။

(၂) ဒီဆွေးနွေးပွဲမှာ ပထမဆုံး သဘောကျတာကိုပြောရရင် စိုက်ပျိုးရေးနဲ့ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဘယ်လို ပေါင်းစပ်ကြမလဲဆိုတာကို ရေတိုလုပ်လို့မရဘဲ နှစ်ရှည်ဆက်တိုက် ရေတိုရော၊ ရေရှည် လိုအပ်ချက်တွေကို ကြိုးစားဖြည့်ဆည်းရတဲ့အကြောင်းနဲ့ ငြိမ်းချမ်းမှု တည်ဆောက်ရာမှာ အမျိုးသမီးတွေဟာ အဓိကကျတဲ့အကြောင်းတွေ ပြောပြပါတယ်။ တကယ့်လက်တွေ့မှာတော့ အမျိုးသမီးတွေက အိမ်ထောင်ထိန်းသိမ်းရေးတာဝန်တွေကို ပိုပြီး ယူနေကြရတယ်။

ငြိမ်းချမ်းရေး တည်ဆောက်ရေးက အဓိကအားဖြင့် အဟန့်အတားလေးခုရှိတယ်လို့ သူက မြင်တယ်။ ယဉ်ကျေးမှုအရ ကျားမခွဲတာ၊ သည်းမခံနိုင်တာ၊ မြေရှင်စနစ်နဲ့ အမွေတွေ ကျန်နေတာဟာ အဟန့်အတားဖြစ်နေတယ်။ ဒုတိယ အဟန့်အတားက စနစ်နဲ့ဆိုင်တဲ့ အဟန့်အတားတွေဖြစ်ပြီး ခွဲခြားတဲ့ ပြည်သူ့ရေးရာ မူဝါဒနဲ့ ဥပဒေ "အထူးသဖြင့် အမျိုးသမီးတွေ၊ လူနည်းစုတွေ၊ ဘာသာခြားတွေနဲ့ ဒုက္ခရောက်နေတဲ့သူတွေနဲ့ ပတ်သက်တဲ့ မူဝါဒတွေ ဖြစ်တယ်လို့ သူက ယူဆတယ်။ ဥပမာ – အင်ဒိုနီးရှားမှာ အစိုးရက ဘာသာကြီး ၆ ဘာသာကိုပဲ တရားဝင်အသိအမှတ်ပြုတယ်။ တခြားဘာသာဝင် တွေရဲ့ ကိုးကွယ်တဲ့ဘာသာကို သူတို့ရဲ့မှတ်ပုံတင်မှာ ဖော်ပြခွင့်မရဘူး။ ဥပမာ သဟာအီ၊ ဆစ်၊ ဂျူးနဲ့ ဒေသခံ



 mgyoe.com 

ဘာသာတွေ၊ ဒေသခံဘာသာတွေက လေ့လာချက်တစ်ခု အရဆိုရင် ၂၀၀ လောက်တောင် ရှိတယ်။ တချို့ဒေသခံဘာသာတွေဆို စောစောက ဘာသာကြီး ၆ ခု မရောက်ခင်ကတည်းက ရှိနေတာ။ ပြီးတော့ အစ္စလာမ်ဘာသာထဲမှာလည်း ဝါဒခွဲ (Ahmadiyars) ကို ဖြန့်ဖြူးခွင့် မပြုဘူး။

တတိယ အတားအဆီးက နိုင်ငံရေးဖြစ်ပြီး ရဲ၊ တရားသူကြီးနဲ့ဝန်ထမ်းတွေဟာ ပြည်သူတွေရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာမှာ အားနည်းတယ်။ ကလေးတွေ၊ အမျိုးသမီးတွေ၊ ဆင်းရဲသား၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူတွေကိုလည်း မစောင့်ရှောက်နိုင်ဘူး။

နောက်ဆုံး အတားအဆီးကတော့ ဘာသာရေးပါ။ ဘာသာရေးကို အဓိပ္ပာယ်ကောက်လွဲတယ်။ အခြားဘာသာတွေအပေါ် အမြင်စောင်းတာ၊ အမျိုးသမီးနဲ့ လူနည်းစုတွေကို ခွဲခြားဆက်ဆံတာတွေ ရှိနေတယ်။ ဘာသာရေးဟာ ဘုရားသခင်ရဲ့ အလိုတော်ဖြစ် လို့ မမှားယွင်းဘူး၊ ပြောင်းလို့မရဘူး၊ ပြောင်းဖို့ ကြိုးစားတဲ့သူကို မိစ္ဆာဒိဋ္ဌိလို့ သတ်မှတ်ခံရမယ်။ အမျိုးသားနဲ့ အမျိုးသမီးကိုလည်း တန်းတူလို့ သဘောထားလို့ မရဘူး။ အများမြင်တဲ့ အမြင်ကို ဆန့်ကျင်မပြောရဲကြဘူး။

ဒါပေမဲ့ အင်ဒိုနီးရှားနဲ့ နိုင်ငံတော်မူဝါဒမှာ "ပဥ္စသီလ"ဟာ ငြိမ်းချမ်းရေးကို အထောက်အကူပြုသလို ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း ငြိမ်းချမ်းမှု၊ မတူညီမှု၊ သာယာမှု၊ ညီမျှမှု၊ တရားမျှတမှုတွေကို နိုင်ငံသားအားလုံးအတွက် အာမခံထားတယ်။ ပြီးတော့ အရပ်ဘက်အဖွဲ့အစည်းတွေ ရှိတယ်။

ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ အခြေခံရမယ့် မူဝါဒသုံးခုရှိတယ်။ တစ်ခုက လူသားဆန်မှု (Humanity) ဖြစ်တယ်။ တစ်ယောက်နဲ့ တစ်ယောက် ကြင်နာဖို့လိုတယ်။ အပြစ်ရှာဖို့ မကောင်းဘူး။ ကိုယ်ပဲမှန်တယ်။ သူတစ်ပါးမှားတယ်လို့ ပြောလို့မရဘူး။ ဘာသာရေးကို အခြေခံတဲ့ စစ်ပွဲတွေ ကမ္ဘာပေါ်မှာ နေ့တိုင်းဖြစ်နေတာ တွေ့ရတယ်။ ဒုတိယအချက်က မိသားစုတစ်ခုထဲလို သဘောထားဖို့ လိုတယ်။ ဘာသာအယူဝါဒ မတူသူတွေကို ညီအစ်ကိုမောင်နှမတွေလို၊ မိသားစုဝင်တွေလို သဘောထားဖို့ လိုတယ်။ တတိယမူကတော့ ဒီမိုကရေစီပဲ။ တစ်ဘက်သားကို လေးစားမှု၊ တန်ဖိုးထားမှု ရှိရ မယ်။ လူအများစု၊ လူအနည်းစုရယ်လို့ ခွဲမနေရဘူး။ သူတစ်ပါး မမှန်တာ လုပ်ရင်လည်း မင်းမဲ့လုပ်လို့ မရဘူး။ တရားဥပဒေအတိုင်းပဲ အပြစ်ပေးရမယ်။ အစိုးရကလည်း ဘက်မလိုက်ရဘူး။

တကယ်တော့ နိုင်ငံတွေမှာ အစိုးရတွေဟာ ဘက်မလိုက်ဘဲနေဖို့ အတော်ခက်တယ်။ ဒါကြောင့်လည်း ပဋိပက္ခတွေ ဖြစ်လာတယ်။ ဘာသာရေးဗဟုဝါဒကို လက်ခံကျင့်သုံးဖို့ လိုတယ်။ သူက ဥပဒေတွေ ပြုပြင်ပြောင်းလဲရေးနဲ့ ဘာသာရေးအရ အဓိပ္ပာယ် ဖွင့်ဆိုပုံတွေ ပြောင်းလဲမှုဟာ ငြိမ်းချမ်းမှုတည်ဆောက်ရေးအတွက် အရေးပါတဲ့အကြောင်း ပြောသွားပါတယ်။

mgyoe.com



(၄) အင်ဒိုနီးရှားရဲ့ ဖွံ့ဖြိုးမှုအတွေ့အကြုံကိုပြောပြရာမှာ ၂၀၂၅ မှာ ကမ္ဘာ့ထိပ်သီးနိုင်ငံ ၁၀ နိုင်ငံ စာရင်းဝင်ဖို့ စီးပွားရေး ဖွံ့ဖြိုးမှု အရှိန်မြှင့်ကျယ်ပြန့်ရေး၊ အစီအစဉ်ဆွဲနေတဲ့ အကြောင်း ပြောပြသွားပါတယ်။

အဲဒီအစီအစဉ်ထဲမှာ ဒေသခြောက်ခုရဲ့ စီးပွားရေး မြှင့်တင်ဖို့၊ ပြည်တွင်း ပြည်ပ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့၊ လူ့စွမ်းအားအရင်းအမြစ်တွေ အင်အားတောင့်တင်းစေဖို့၊ ဖွံ့ဖြိုးရေးကို အထောက်အကူပြုမယ့် သိပ္ပံနဲ့ နည်းပညာတွေ တိုးတက်စေဖို့တွေ ပါဝင်တာ တွေ့ရပါတယ်။

ဒေသတွေကို သဘာဝသယံဇာတ ထုတ်လုပ်ရေး၊ စွမ်းအင်၊ စက်မှုနဲ့ ဝန်ဆောင်မှု၊ စိုက်ပျိုးရေး၊ သားငါး၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း၊ သတ္တုဆိုပြီး ဒေသနဲ့ လုပ်ငန်းစု ခွဲထား၊ တွဲထားတာကို တွေ့ရပါတယ်။

အင်ဒိုနီးရှားရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံကနေရတဲ့ သင်ခန်းစာတွေကတော့ သေသေချာချာ ဆောင်ရွက်ရင် ဒီမိုကရေစီ တည်ဆောက်ရေးကို အထောက်အကူပြုနိုင်တယ်။ အုပ်ချုပ်ရေးနဲ့ ဥပဒေပြုရေး အချိန်အဆ ပြောင်းနိုင်သလို တောင့်တင်းအောင်လည်း လုပ်ပေးနိုင်တယ်။ ဗဟိုနဲ့ ဒေသဆိုင်ရာ အာဏာချိန်ခွင်လျှာ မျှတအောင် လုပ်ပေးနိုင်တယ်။ လူ့အခွင့်အရေးဆိုင်ရာ အခြေခံမှုတွေ ခိုင်မာစေတယ်။ ပြည်သူ့အာဏာ ပိုင်စိုးမှုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုနဲ့ လက်တွေ့ ကျင့်သုံးမှုတွေကို ဖြစ်စေနိုင်တယ်။ တရားဥပဒေစိုးမိုးမှုနဲ့ တာဝန်ယူမှုတွေဖြစ်စေတယ်။ နိုင်ငံစီးပွားရေးနဲ့ အများအကျိုးစီးပွား အတွက် အခြေခံဖြစ်စေတယ်လို့ ဆိုသွားပါတယ်။

mgyoe.com

(၅) ပြည်သူ့ကျန်းမာရေးအကြောင်း ဆွေးနွေးရာမှာ နှစ်နိုင်ငံစာရင်းဇယားတွေကို ယှဉ်ပြပြီး ဆွေးနွေးသွားပါတယ်။ (လူတစ်သောင်းမှာ ရှိတဲ့) ဆရာဝန်အရေအတွက်မှာ မြန်မာက များပြီး သူနာပြုကျ အင်ဒိုနီးရှားက များတယ်။ ကျန်းမာရေး အသုံးစရိတ်က မြန်မာမှာ ၂၀၁၁ ခုနှစ်က တိုင်းပြည်ဝင်ငွေရဲ့ ၂ ရာခိုင်နှုန်းပဲ ရှိပေမဲ့ အင်ဒိုနီးရှားမှာ ၂၇.၆ ရာခိုင်နှုန်း ရှိတယ်။ တစ်ဦးကျအသုံးစရိတ်က မြန်မာမှာ ၂၈ ဒေါ်လာနဲ့ အင်ဒိုနီးရှားမှာ ၁၂၇ ဒေါ်လာ ရှိတယ်ဆိုတာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီရင်ခံစာအပေါ် အခြေခံပြီး ယှဉ်ပြသွားခဲ့ပါတယ်။ တူညီတဲ့ ပြဿနာတွေက ရောဂါမျိုးစုံရှိတာ၊ ကလေးဖွားသေနဲ့ ကိုယ်ဝန်ဆောင် မိခင်သေဆုံးမှု မြင့်မားတာ၊ ဆေးလိပ်၊ အရက်သောက်သုံးမှုမြင့်မားတာ၊ ကျန်းမာရေး ဝန်ဆောင်မှု ညံ့ဖျင်းတာတွေပါ။

ပြည်သူ့ကျန်းမာရေး အစီအစဉ်ဟာ ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတွေ၊ ရောဂါအန္တရာယ်တွေနဲ့ ဆက်စပ်နေတယ်။ ကျန်းမာရေး သတင်းအချက်အလက်တွေ ရယူ အသုံးပြုရာမှာ Ict သုံးဖို့ သုတေသနလုပ်ငန်းတွေ တိုးချဲ့ဖို့ တင်ပြသွားခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်မှာ အပြောင်းအလဲတွေကိုလည်း တွေ့ရပါတယ်။ ဖျားမှနာမှကုသမယ့် ပုံစံကနေ ကျန်းကျန်းမာမာ နေထိုင်တတ်ရေးဘက်ကို ဦးလှည့်ကာ ဆေးရုံတွင်းမှာ ဝန်ဆောင်မှုပေးရာကနေ အပြင်ထွက်ပြီး အိမ်အရောက်ဝန်ဆောင်ပေးတာ၊ ကုသမှုဘက်ကနေ ကာကွယ်ရေးနဲ့ကျန်းမာရေး ကောင်းမွန်လာဖို့လုပ်တာ၊ အခကြေးငွေတောင်းခံတဲ့ စနစ်ကနေ တစ်နိုင်ငံလုံး ကျန်းမာရေး အာမခံပေးတဲ့ စနစ်ကိုပြောင်းတာ၊ ရပ်ရွာဒေသအလိုက် ကျန်းမာရေး စောင့်ရှောက်မှုပေးရာကနေ လွတ်လပ်စွာ ပြိုင်ဆိုင်ခွင့်ပြုပြီး စံချိန်စံညွှန်းတွေကိုပဲ ထိန်းသိမ်းထားတာ မှတ်တမ်းနဲ့ အစီရင်ခံစာတွေမှာ ကွန်ပျူတာစနစ်သုံးတာတွေ ဖြစ်ပါတယ်။

❁

mgyoe.com

mgyoe.com

# နောက်ပြန်လှည့်သူများ



ကျွန်တော်တို့ဆီမှာ အများဆုံးကြားရတဲ့အသံက နောက်ကြောင်း ပြန်လှည့်မှာလားဆိုတဲ့ မေးခွန်းပါ။ ပထမဆုံးစဉ်းစားစရာက ကိုယ်ဘယ်သွားနေသလဲ၊ ကိုယ် ဘယ်ရောက်နေသလဲဆိုတာ သိဖို့ပါ။ မဟုတ်ရင် ရှေ့ဆက်သွားနေသလား၊ နောက်ပြန်လှည့်နေသလားဆိုတာ မသိနိုင်ပါဘူး။ ပြီးတော့ အချိန်ကာလနဲ့ ရောက်တဲ့ခရီး ပေါင်းစပ်စဉ်းစားကြည့်ဖို့ပါ။ အခုတလော ကျွန်တော် ဗီယက်နမ်ပညာရှင်တွေ၊ အင်ဒိုနီးရှားပညာရှင်တွေနဲ့ တွေ့ပါတယ်။ သူတို့ရဲ့ အတွေ့အကြုံအရ ဒီမိုကရေစီတည်ဆောက် ရေးလမ်းကြောင်းတွေဟာ ချောမွေ့လေ့မရှိဘူး။ ခက်ခဲတယ်၊ ကြမ်းတမ်းတယ်၊ အချိန်ယူတယ်။ အမှားတွေနဲ့လည်း တွေ့တတ်တယ်။ အမှားလုပ်မိရင် ပြင်ဆင်ရမယ်။ ရေစမ်း မြေစမ်း

mgyoe.com


mgyoe.com 

လုပ်နေတာတွေလည်း ရှိတယ်။

ဒီတော့ နောက်ကြောင်းပြန်လှည့်မှာလားဆိုတဲ့ မေးခွန်းကိုက ခေတ်မမီတဲ့ နောက်ကြောင်းပြန်လှည့်တဲ့ မေးခွန်းများဖြစ်နေမလားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ ပြီးရင် ဘယ်သူတွေက နောက်ကြောင်းလှည့်တယ်ဆိုတာ ပါလာတယ်။ ဒီနေရာမှာလည်း၊ ငါနဲ့မတူ ငါ့ရန်သူလို့ ထင်တာ၊ ကိုယ့်ဘက် မလိုက်ရင် သူ့ဘက်လိုက်တယ်လို့ ထင်တာတွေ တွေ့ရပါတယ်။

အတိတ်က အတွေ့အကြုံအရ သူ့ဘက်လိုက်ဖို့လည်း မဖြစ်၊ တခြားဘက်လည်း မလိုက်ချင်တာ၊ ဘယ်ဘက်မှ မလိုက်ဘဲနေကြတာတွေ တွေ့လာရပါပြီ။ သမိုင်းကြောင်းကလည်း သင်ခန်းစာတွေ ပေးခဲ့ပါပြီ။

ဒီအချိန်မှာ ကိုယ့်ဘက်ထဲ မထည့်ချင်တာ၊ သူ့ဘက်လို့ ဖွတ်တွန်းပစ်ချင်တာတွေ၊ ဘယ်သူနဲ့မှ မပေါင်းစည်းချင်တာတွေ၊ မနာလိုဝန်တိုတာတွေ၊ ကိုယ်ကျိုးစီးပွား လျော့ပါးသွားမှာစိုးတာတွေ၊ အလုပ်နည်းနည်းလုပ်ပြပြီး နာမည်ကောင်းယူချင်တာတွေ၊



mgyoe.com

သူများလုပ်ထားတဲ့အလုပ်ကို ကိုယ်ကဝင်ပြီး အသားလွတ်ဂုဏ်ယူ ချင်တာတွေ ဒါတွေအားလုံးဟာ နောက်ပြန်ဆွဲနေကြ၊ နောက် ကြောင်းပြန်လှည့်နေကြတာမဟုတ်လား။

ဒီလိုပဲ လက်ရှိအခြေအနေတွေ၊ ကဏ္ဍအသစ်တွေ၊ တာဝန်အသစ်တွေမမြင်ပဲ ကိုယ်လုပ်နေကြအလုပ်တွေ၊ ကိုယ်လုပ် တတ်တဲ့ အလုပ်တွေ၊ ကိုယ်လုပ်ချင်တဲ့ အလုပ်တွေကိုပဲ ပြန်လုပ် ချင်တာ၊ တစ်သက်လုံး လုပ်လာခဲ့တဲ့ အလုပ်တွေကိုပဲ ဆက်လုပ် ချင်တာ၊ ဒါတွေဟာ နောက်ကြောင်းပြန်လှည့်ချင်တာ မဟုတ်လား။

ဒီလိုပဲ မြင်သာထင်သာရှိရမယ် ကြွေးကြော်နေပေမယ့် တိတ်တိတ်လေး အခွင့်အရေး ယူခဲ့တာကို ထုတ်မပြောနိုင်၊ အပြောတခြား အလုပ်တခြားဖြစ်နေတာကရော နောက် ပြန်လှည့်တာ မဟုတ်ဘူးလား။

လုပ်နိုင်ကိုင်နိုင်တဲ့သူ၊ လုပ်သင့်ကိုင်သင့်တဲ့သူကို တာဝန်လွှဲပေးရမှာ။ ကိုယ်ကပဲ ဆုံးဖြတ်၊ ကိုယ်ကပဲ ထိန်းချုပ်တယ်ဆိုရင်လည်း နောက်ကြောင်းပြန်တယ်လို့ ပြောရမှာပါ။ ဒီလိုပဲ မလုပ်တတ် မကိုင်တတ်၊ မလုပ်နိုင် မကိုင်နိုင်တဲ့သူကို တာဝန်တွေလွှဲပေးရင် ဒုက္ခ ရောက်မယ်မှန်း သိပါရဲ့နဲ့ တမင်သက်သက်လွှဲပေးလိုက်တာဟာလည်း နောက်ကြောင်းပြန်တာ ပဲပေါ့။

အလုပ်တွေလုပ်တဲ့အခါ အမှားအယွင်းဆိုတာ ရှိမယ်။ မှားတာရှိရင် ဝန်ခံ၊ အမှန် ကို ပြန်ပြင်၊ အဲဒီလိုမဟုတ်၊ အမှားကို ဝန်မခံနိုင်၊ ပြန်လည်း မပြင်နိုင်ဘဲ ဇွတ်ရှေ့တိုးနေရင် တိုးတာက ရှေ့ပေမယ့် တကယ်တမ်းကျ၊ နောက်ပြန်ရောက်မှာပါ။ ဒါကြောင့် မှားမှန်းသိလျက်နဲ့ ဇွတ်ရှေ့တိုးနေတာမျိုးကိုလည်း နောက်ကြောင်းပြန်တယ်လို့ပဲ ပြောရမှာပါ။

ကိုယ်လုပ်သမျှ အမှန်တွေချည်းဖြစ်တယ် ရှေ့ပဲဆက်နေတယ်လို့ ပြောလို့မှ မရတာ။

ကျွန်တော်တို့ မြန်မာ့သမိုင်းမှာလည်း ရှေ့သို့ ဆိုပေမယ့် နောက်ဆုတ်သွားခဲ့တာတွေက အများသား။ ဒါကြောင့် ရှေ့တိုးနေတိုင်း စိတ်ချရတာ မဟုတ်သလို ပုံသေသဘောမထားဘဲ လိုအပ်ရင် နောက်ဆုတ်နိုင်တဲ့ နောက်ဆုတ်တတ်တဲ့ သဘောမျိုးရှိဖို့လည်း လိုအပ်ပါတယ်။ ဒီလိုလုပ်ရင်ရော နောက်ပြန်ဆွဲတယ်လို့ ခေါ်ကြမှာလား။


ဘယ်လိုပဲ ကိုယ်ကရှေ့ကိုတိုးတယ်ဆိုပေမယ့် မြင်တဲ့သူက နောက်ပြန်ဆုတ်တဲ့ မျက်လုံးနဲ့ မျက်လုံးအဟောင်းနဲ့ ကြည့်မယ်ဆိုရင် ရှေ့တိုးတယ် ရွှေ့တယ်လို့ ဘယ်လိုမှမမြင်နိုင်ပါဘူး။ သူတို့ဝေဖန်လို့ ကိုယ်ရွေးချယ်ထားတဲ့ လမ်းကြောင်းတွေ၊ လုပ်ငန်းတွေကို ရပ်မယ်၊ ဆုတ်သွား မယ်ဆိုရင်တော့ တကယ်နောက်ပြန်ဆုတ်တာပဲ ဖြစ်ပါမယ်။

နောက်ဆုံးပြောချင်တာ တစ်ခုကတော့ ရှေ့တိုးတာ နောက်ပြန်ဆုတ်တာကို ဘယ်သူ့ အကျိုးစီးပွားနဲ့ တိုင်းနေတာလဲ၊ ကိုယ့်အကျိုးလား၊ အများအကျိုးလား၊ အများအကျိုးယောင် ဟန်ဆောင်ထားတဲ့ ကိုယ်ကျိုးစီးပွားလားလို့ မေးကြည့်ချင်တာပါ။

❂

mgyoe.com

mgyoe.com



# "တစ်" အောက်က စသူများ

(၁)

တလောက အစည်းအဝေးတစ်ခုကို လာတက်ဖို့ လူကြီးတစ်ယောက်ကဖိတ်တယ်။ ရည်ရွယ်ချက်က သူပြောချင်ဆိုချင်တာကို သဘောပေါက်ပြီးမှ ကိုယ်က ပြန်ရေးပေးဖို့ပါ။ အဲဒီအစည်းအဝေးက ဘာအတွက်လုပ်မှန်း၊ ဘယ်သူတွေပါမှန်းလည်း မသိပါဘူး။ လျှို့ဝှက်အစည်းအဝေး မဟုတ်ဘူးလို့တော့ ထင်တာပါပဲ။ ဒါပေမဲ့ အဲဒီအစည်းအဝေးကို ကိုယ်တက်မယ်ဆိုတော့ အတော်လေး စိုးရိမ်ကြောင့်ကြကြသတဲ့။ တကယ်တမ်းက အဲဒီအစည်းအဝေးတက်တဲ့သူတွေဟာ ဟိုတုန်းက ကိုယ့်နိုင်ငံကို အပြတ်အသတ် အပြင်ကနေ ဝေဖန်ခဲ့တဲ့သူတွေပါ။

mgyoe.com


mgyoe.com

မြင်သာထင်သာရှိဖို့အရေး ကြေးကြော်နေကြသူတွေက ကိုယ့်ကို လန့်လှချေရဲ့တဲ့။ ပြီးတော့ မကြာခင်ကမှ ကိုယ့်ကို စွပ်စွဲချက်တွေတင်ထားတဲ့ အဖွဲ့အစည်းရဲ့လူလို့ ထင်သတဲ့။ ဟိုတုန်းက ကီစွတစ်ခုလိုပေါ့။ လက်ဝဲဆိုလည်း ဝဲ၊ လယ်ယာဆိုလည်း ယာပေါ့။ အခုတော့ တစ်ယောက်တည်းကို ဝဲလိုက်၊ ယာလိုက်နဲ့ သူတို့ပဲ တတ်နိုင်တာလား၊ ကိုယ်ပဲ တတ်နိုင်လွန်းတာလားတောင် မပြောတတ်တော့ပါဘူး။

တစ်ခါတစ်ခါ နိုင်ငံတကာ အစည်းအဝေးတွေကို တက်လေ့ တက်ထရှိပါတယ်။ တချို့အစည်းအဝေးတွေမှာ တက်ရောက်တဲ့သူတွေရဲ့ လွတ်လပ်စွာပြောဆိုမှုကို အကာအကွယ်ပေးတဲ့အနေနဲ့ ဘာပြောကြတယ်ဆို တာရေးလို့ရတယ်၊ ဘယ်သူပြောတယ်လို့ မရေး၊ မပြောပါနဲ့လို့ သတ်မှတ် တာ အားလုံးက လိုက်နာကြတာပါ။ ကိုယ်လည်း လိုက်နာတာပါ။

ခက်တာက ကိုယ်တိုင်ကလည်း တစ်ခါတစ်လေမှာ ပညာရှင်တစ်ယောက်၊ တစ်ခါတစ်လေမှာ စာနယ်ဇင်းသမား။ ပညာရှင်တွေဆိုပြီး ဆွေးနွေးကြတဲ့အခါ စာနယ်ဇင်းအကြောင်းရောက်လာရင် ကိုယ့်ဘက်လှည့်ပြောကြပါလေရော။ တစ်ခါတလေကျတော့ "စာနယ်ဇင်းတွေ အပြင်ထွက်ပေးပါ"လို့ပြောတာ လူငယ်စာနယ်ဇင်းတစ်ယောက်က "ဆရာကျ ဘာဖြစ်လို့ မထွက်သလဲ" မေးတယ်။ တကယ်တော့ သူကိုယ်တိုင်လည်း ကိုယ့်ကို ပညာရှင်ဆိုပြီး ခဏခဏ လာပြဿနာရှာနေကြပါ။

ကျွန်တော်တို့မှာ တစ်သက်လုံးက အကျင့်ပါနေတဲ့ "ရန်–ငါ ပြတ်" နေကြတာလား မပြောတတ်ပါဘူး။ ကိုယ့်ထဲ ဆွဲထည့်ချင်တဲ့အခါ ထည့်လိုက်၊ မထည့်ချင်တဲ့အခါ ရန်စာရင်းထဲထည့်လိုက်။ ငါ–စာရင်းထဲ ထည့်တာတော့ နည်းပါတယ်လေ။ ရန်–စာရင်းထဲ အပါခံနေရတာ ခပ်များများ။ ဒါလည်း ကိုယ့်ကုသိုလ်ပဲ ထင်ပါရဲ့။



(၂)

အစည်းအဝေးတွေသွားတဲ့အခါ ဆရာတစ်ယောက် ပြောသွားဖူးတဲ့ ခင်ဗျားတို့ဗျာ "တစ်" ကနေ ပြန်ပြန်စနေတာနဲ့ ရှေ့ကို မရောက်တော့ဘူးဆိုတဲ့ စကားကို သတိရတယ်။

ကျွန်တော်တို့ အရွယ်တစ်ဝိုက်တွေက ပင်စင်ယူပြီး၊ ပင်စင်ယူလတ္တံ့တွေ အတော်များတာ အခုရက်ပိုင်းမှာ ပိုပြီးသတိထားမိပါတယ်။ သူငယ်ချင်းတချို့က ကမ္ဘာကထလုပ်လို့၊ အခုရက်ပိုင်း ကျွန်တော်တို့ တစ်နှစ်ထဲ ဘွဲ့ရ ၁၉၇၅ ကျောင်းသားဟောင်းတွေနဲ့ အဆက်အသွယ်လေး ပြန်ရနေတယ်။ တစ်နေ့ကပဲ အငြိမ်းစားယူခါစ သူငယ်ချင်းတစ်ယောက်နဲ့ သွားတွေ့တယ်။ သူဘာတွေပြောမှာပါလိမ့်လို့ သွားနားထောင်တာ၊ စောစောက ပြောသလို "တစ်"ကနေ ပြန်စတယ်။ ပြီးရင် စာနယ်ဇင်းတွေကနေ ပြည်သူကို အသိပေးဖြန့်ဝေဖို့ဆိုတာ ပါလာပြန်ရော။

အခုနောက်ပိုင်း အပြင်ထွက်ရင် အရင်က ကျွန်တော်သိတဲ့ သတင်းထောက်တွေ သိပ်မတွေ့တော့ဘူး။ လူသစ်တွေ တွေ့တယ်။ လူသစ်တွေနဲ့ ကျွန်တော် သိပ်မသိဘူး။ ဆရာ့နာမည် ဘယ်သူလဲလို့ လာမေးတဲ့သူတောင် ရှိသေး။ ဒီတော့ သူတို့ခမျာတွေအတွက် "တစ်"က ပြန်စရတော့တာပေါ့။

တစ်နေ့ကပဲ ဂျာနယ်မှာ ဖတ်လိုက်ရသေးတယ်။ လက်ဖက်ပင် မဟုတ်ဘူး၊ "လက်ဖက် ခြောက်ပင်"ဆိုပြီး ရေးထားလို့ မျိုးစိတ်အသစ်လား၊ အပင်က ချက်ချင်းပဲ လက်ဖက် ခြောက် ထွက်သလားလို့ နောက်စရာ ဖြစ်တယ်။

သင်တန်းတစ်ခုမှာ ဝါရင့်ဆရာကြီးတွေက စေတနာကောင်းကောင်းနဲ့ အတွေ့အကြုံတွေ ဝေမျှချင်တာကို ဝင်တဲ့သူကဝင်၊ ထွက်တဲ့သူကထွက်၊ စကားပြောတဲ့သူနဲ့ ပြောဆိုတဲ့ ဝန်းကျင်ကို တွေ့တော့ အထူးအဆန်းဖြစ်ပြီး သင်တန်းတာဝန်ခံတွေကို အတော်လေး ပြောတယ်။ ကိုယ်ဖြင့် ဒါမျိုးတွေ ရိုးလှ၊ ကြာလှပေါ့။ ကဲ သူတို့ကို တစ်အကြောင်းတောင် မနည်း ပြောနေရတာ၊ နားဘယ်လောက်ဝင်မလဲ မပြောတတ်။

ကိုယ့်ကိုယ်ကိုတော့ တစ်သက်လုံးက စာသင်လာတာ၊ သင်တန်းသား အထာလည်း နပ်သင့်သလောက် နပ်တယ်လို့ ထင်ထားတာ။ ပရိသတ်ကိုလည်း အတန်အသင့် ထိန်းထားနိုင်ပါရဲ့။ ပြီးတော့မှ မေးခွန်းတွေက လာတော့တာ။ အဲဒီကျမှ ကိုယ်ပြောတာ နားမဝင်မှန်း၊ ကိုယ်စာသင်တာညံ့မှန်း သိရတော့တယ်။ "အဖြူ"လို့ ပြောတာကို "အမည်း"လို့ နားလည်လို့ နားလည်၊ ကြားဖူးနားဝရှိတာလေးနဲ့ လူပုံအလယ် ကိုယ်ညံ့ကြောင်း ထုတ်ပြလို့ပြနဲ့။

ဘဝတစ်သက်တာမှာ ပညာရေးအလုပ်၊ တက္ကသိုလ်အလုပ်ပဲ တစ်သက်လုံးလုပ်မယ်လို့ စိတ်ကူးခဲ့ပေမယ့် တက္ကသိုလ်က ထွက်ခဲ့တာ "စာမသင်ရလို့"လို့ ဖြေရင် အံ့သြကြမှာလား။ အတန်းတစ်တန်းကလည်း အမှတ်တရပါ။ ဘွဲ့လွန် ဒီပလိုမာအတန်းလေးတစ်ခု၊ စာရွက်လေး တစ်ရွက် မိတ္တူကူးပြီး ဝေထားတယ်။ ဖတ်ပြလိုက်၊ အဓိပ္ပာယ် ပြန်ပြလိုက်၊ ဆက်နွှယ်တာတွေ ရှင်းပြလိုက်နဲ့ ကိုယ့်ဘာသာကိုယ် အရှိန်ကောင်းနေတုန်း မေးခွန်းနှစ်ခု ပေါ်လာတယ်။

mgyoe.com

mgyoe.com

မေးခွန်းတစ်ခုကတော့ အဘိဓာန်ထဲကောက်ကြည့်ရင် အချိန်မရွေးရနိုင်တဲ့ ဝေါဟာရ အဓိပ္ပာယ်ပါ။ ခုအချိန်မှာ အင်တာနက်ကနေ လွယ်လွယ်ကူကူ google လိုက်ရင် ရရဲ့နဲ့ နည်းနည်းလေးမှ အပင်ပန်းမခံဘဲ အားမနာ လျှာမကျိုး Facebook ကနေ စာသင်ခိုင်းတဲ့လူတွေကို google လို့ပဲ ဖြေလိုက်တယ်။

နောက်တစ်ယောက်က ဆရာ အခုသင်နေတာ ဘယ်နားရောက်သွားပြီလဲတဲ့ မှတ်ကရော။ ထူးခြားတာက အခုသင်တန်းတွေ၊ ဟောပြောပွဲတွေမှာ အရင်က တွေ့ရလေ့မရှိတဲ့ အဖွဲ့အစည်းတွေရဲ့ နာမည်တွေ၊ အဖွဲ့ဝင်တွေကို တွေ့လာရတာပါ။

ဆွေးနွေးပွဲတစ်ခုမှာ ကိုယ် သင်တန်းပေးခဲ့ဖူးတဲ့ ကလေးတွေ လာနှုတ်ဆက်တယ်။ ပြီးတော့ သင်တန်း အကြောင်းတွေ၊ ဆွေးနွေးပွဲ အကြောင်းတွေပြန်ပြီး အမြင်ချင်း ဖလှယ်ကြ၊ သုံးသပ်ကြတယ်။ အဲဒါတွေဟာ စိတ်ဝင်စားစရာ အတော်ကောင်းတယ်။

ဆွေးနွေးတဲ့သူတွေဟာ အတွေ့အကြုံ ရှိတဲ့သူတွေ ဖြစ်တယ်။ သူတို့ ပြောဆိုတဲ့ အကြောင်းအရာကို ပိုင်နိုင်တယ်။ ကရားရေလွှတ် တတွတ်တွတ် ပြောနိုင်တယ်။ တစ်ခုပဲ လူအများ နားလည်အောင် မပြောနိုင်ဘူး။ လူအများစိတ်ဝင်စားတဲ့ အကြောင်းအရာကို မပြောနိုင်ဘူးတဲ့။

ပြီးရင် စောစောကပြောသလို စာနယ်ဇင်းတွေကတစ်ဆင့် ဝေငှပါလို့ ဆိုတယ်။ တကယ်တမ်း ပြောရရင် သူတို့ပြောတာ ဆိုတာတွေမှာ စာဖတ်ပရိသတ် စိတ်ဝင်စားတာ၊ စာဖတ်ပရိသတ် သိချင်တာတွေ မပါဘူး။ ဒီတော့ စာနယ်ဇင်းတွေအနေနဲ့လည်း စိတ်ဝင်စားတာ နည်းတယ်။ ပြီးတော့ နည်းပညာဆိုင်ရာကိစ္စတွေ ပါလာရင် သတင်းထောက်တွေ၊ စာနယ်ဇင်းတွေက နားလည်ဖို့ ခက်တယ်။ တလွဲမေး၊ တလွဲဖြေတွေ၊ တလွဲရေးတွေ များတယ်။

နားထောင်တဲ့သူမှာ ပရိသတ်အသစ် တော်တော်များများ တွေ့ရတယ်။ သူတို့ နားလည်သဘောပေါက်ဖို့ အချိန်ပေးရမယ်။ နားမလည်၊ သဘောမပေါက်သေးဘူးလို့ ခံယူဖို့လည်း လိုတယ်။ ကိုယ်ကြားဖူးနားဝ စကားလေးတစ်လုံး၊ နှစ်လုံးလောက်ကို စကားတတ်ကာစ ကလေးလိုပြောတာ နားထောင်ကောင်းပေမယ့် ပိုပြီးအရေးကြီးတာက မသိ မတတ်တာကို မသိနားမလည်ဘူးလို့လက်ခံပြီး တကယ်သိချင်၊ တတ်ချင်စိတ်ရှိဖို့နဲ့ ထိုက်တန်တဲ့ ကြိုးပမ်းအားထုတ်မှု ရှိဖို့ လိုတယ်။

ဟောပြောပွဲတစ်ခုအပြီးမှာ လက်ဖက်ရည်ဆိုင်ထိုင်တော့ ကလေးတစ်ယောက်က အကြောင်းအရာတစ်ခုကို ရှင်းပြခိုင်းတယ်။ ဒီအကြောင်းအရာဟာ အခြေခံမရှိဘဲနဲ့ ပြောလို့မရတဲ့ကိစ္စဆိုတာ ဘယ်လိုလုပ်ပြီး သူ့ကိုနားလည်ခိုင်းရမလဲ။ ဟောပြောစဉ်တုန်းက လောလောလတ်လတ်၊ လွယ်လွယ်ကူကူ၊ ပေါ့ပေါ့ပါးပါးပြောသွားတဲ့ ကိစ္စတွေကိုတောင် နားမလည်ဒါမှမဟုတ် နားအလည်လွဲနေမှန်း သိခဲ့ပြီးပြီလေ။

ဒီလိုလူတွေအတွက် တစ်ကနေစတာတောင် မြင့်နေသေးတယ်လို့ ကိုယ်မြင်တယ်။ ဟိုတုန်းကဆိုရင် သမိုင်းပါမောက္ခဆရာကြီးတစ်ယောက် ဒီဘက်ခေတ်မှာ စီးပွားရေး ပညာရှင်ကြီး

mgyoe.com

mgyoe.com

တစ်ယောက်ကို မေးတဲ့မေးခွန်းတွေများ ကိုယ်ဖြင့် ဘေးကနေ အားနာလိုက်တာ။

ဂျာနယ်သမားတွေက သတင်းအချက်အလက်တွေ မေးရင် မရတာတို့၊ ပြန်မဖြေတာတို့ ပြောပြကြတဲ့အခါ ဌာနတစ်ခုတည်းမှာတောင် ဟိုဘက်စားပွဲ၊ ဒီဘက်စားပွဲ ပေးချင်မှ ပေးပြီး လျှို့ထားတတ်ကြတာကို ပြောပြချင်မိတယ်။

(၃)

တခြား ပြောစရာတစ်ခုကတော့ ကျွန်တော်တို့မှာ ပညာရှင် မရှိဘူး၊ လူ့စွမ်းအား အရင်းအမြစ်တွေ မရှိဘူးလို့ ခဏခဏ ပြောကြတယ်။ ကျွန်တော်ထင်တာကတော့ ပညာရှိလား၊ ပညာရှင်လား မသိ၊ ဘယ်နေရာမှာ ပညာရှိတာ၊ ပညာရှင်ဖြစ်တာလည်း မသိ၊ သူပြောတာ အရပ်သားအမြင်နဲ့ ပြောတာလား၊ ပညာရှင်အမြင်နဲ့ ပြောတာလားလို့လဲ မခွဲခြားနိုင်ဘူး။

ဟောပြောပွဲတစ်ခုမှာ ကျွန်တော်ပြောပြီးတော့ ဆရာကဘယ်လိုပြောပေမယ့် တခြား တစ်ယောက်က ဘယ်လိုပြောတယ်ဆိုတော့ ကျွန်တော်က မတူတာ မကောင်းဘူးလား၊ စဉ်းစား ယူပေါ့လို့ ပြောလိုက်တယ်။

ခက်တာက သူတို့က ကျွန်တော့်ဆရာတွေနဲ့ ကျွန်တော့်ကို တန်းတူထားလို့ထား၊ ကျွန်တော့်တပည့်တွေကို ကျွန်တော်ထက် မြင့်တယ်ထင်နေလေတော့ ခက်ကရော။ (ယေဘုယျ ပြောတာပါ။ ကျွန်တော့်ထက်တော်တဲ့တပည့်တွေကို လေးစားဖို့လည်း ကျွန်တော်ဝန်မလေးပါဘူး) ကိုယ်ရည်သွေးသလိုမဖြစ်ဖို့ သူများကို ထိပါးတာမျိုးကလည်း မလုပ်ချင်။ (အထူးသဖြင့် လူပုံအလယ်မှာ အထင်ကြီးအောင် လုပ်တတ်တဲ့ ဘာမှုမတတ်တဲ့သူတွေလို။)

ဒီတော့ ကိုယ်တိုင်လည်း တစ်အောက်ကနေ ပြန်ပြန်စနေပြီး လူကြီးဖြစ်လာလေ – ကလေးတွေ ဖတ်ဖို့၊ သိဖို့၊ ရေးရ ပြောရတဲ့ မူကြိုဆရာ ဖြစ်လာလေပါပဲ။ ကိုယ်က မူကြိုဆရာလို သင်ပေမယ့် သူတို့ဘက်ကလည်း မူကြိုကလေးတွေလို အစစအရာရာ သိချင်၊ တတ်ချင်၊ စူးစမ်းချင်စိတ်ပါမလာ။ ဒါပေမဲ့လည်း ကိုယ်က မူကြိုဆရာဆိုတော့ တစ်လုံးပါသွားသွား၊ နှစ်လုံးပါသွားသွား သင်ရဦးမှာပါပဲ။ မဟုတ်ရင်သူများတွေ အလွဲ ပြောနေတာကို အဟုတ် ထင်သွားကြဦးမယ်။

❂

mgyoe.com

mgyoe.com



# မလှုပ်ရင် ရပ်သွားမှာစိုးသူ

(၁)

ဟိုတစ်ပတ်တုန်းကတော့ တစ်ပတ်လုံးလိုလို စိတ်တိုရ၊ စိတ်ဆိုးရနဲ့လေ။ ကိုယ့်ကိုခင်တဲ့ ချစ်တဲ့သူတွေက စိုးရိမ်ပြီး လှမ်းမေးကြ၊ ပြောရင်းနဲ့က စိတ်ဆိုး။ အကြောင်းမသိတဲ့သူတွေကလည်း လှမ်းမေး၊ ဖြေရင်းနဲ့ စိတ်ဆိုး။ အချောင်နာမည်ကြီးတာပေါ့လို့ ပြောတဲ့သူကလည်း ပြောရဲ့။ မဆီမဆိုင် နာမည် မကြီးချင်လှပေါင်။

ဒီတစ်ပတ်ကျတော့ ဘာမှမဟုတ်ဘဲနဲ့ကို ပျော်နေရတာ၊ ပျော်စရာကောင်းနေတယ်။ အပြင်ရောက်နေတဲ့ တပည့်ဟောင်းတစ်ယောက်ရဲ့ မိသားစုက ကျောင်းဆောက်လှူတယ်။ ဒီရောက်တုန်း ကျောင်းရေစက်ချလုပ်တယ်။ အသွားဆိုက်ကား၊ အပြန် တခြားတပည့်တစ်ယောက်က ပြန်လိုက်

mgyoe.com

ပို့တယ်။ ဘုန်းကြီး ကျောင်းမှာ တပည့်ဟောင်းတွေနဲ့ ဆုံကြတယ်။ ကိုယ်က ထုံးစံအတိုင်း ဓာတ်ပုံလိုက်ရိုက်ပေးတယ်။ ပြီးတော့ အဝေးက မိသားစုတွေ၊ မိတ်ဆွေတွေကြည့်ရအောင် Facebook ပေါ် တင်ပေးတယ်။

တခြားတပည့်ဟောင်းတစ်ယောက်ကတော့ ဗီဒီယိုဖိုင်လုပ်ပြီး အင်တာနက်ပေါ် တင်ပေးတယ်။ သူ့ အကြောင်းပြုပြီး ၃ ပွဲဆက်တိုက် ရောက်တယ်။ တပည့်တစ်ယောက်ကတောင်လာပြီး သူ့အလှူမှာမလာလို့ ဆိုပြီး စကားနာထိုးသွားသေးတယ်။ သွားရလာရတာကလည်း လွယ်တာ မဟုတ်ဘူးလေ။

(၂)

တနင်္ဂနွေနေ့ကျ နံနက်စောစောထ အငှားကားငှားပြီး 'မဟာဗောဓိကျောင်း' ကိုသွားတယ်။ ငါန်းဇွန်အသင်းရဲ့ ဝါဆိုသင်္ကန်းကပ်နဲ့ ဆုပေးပွဲကိုသွားတယ်။ မနှစ်က ဒီအချိန်မှာ ငါန်းဇွန်အသင်းဖွဲ့ဖို့လုပ်ကြတော့ ဝါဆိုသင်္ကန်းကပ်ရယ်၊ ဆယ်တန်းဂုဏ်ထူးရကလေးတွေကို ဆုပေးဖို့ရယ်ဆိုပြီး ကိုယ်စထားတဲ့ဓာတ်လမ်း။ သံဃာတော်တွေကို အာရုဏ်ဆွမ်းအနေနဲ့ကပ်၊ ဧည့်ပရိသတ်တွေကို ငါန်းဇွန်ခေါက်ဆွဲနဲ့ ကျွေးမွေးဧည့်ခံဖို့ အလှူရှင်တွေပေါ်တယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းနေတော့ ခေါက်ဆွဲရယ်၊ ဟင်းချက်ပေးမယ့် ငါန်းဇွန်ကအမျိုးတွေ ရယ်ကို လှမ်းမှာထားတယ်။ ရန်ကုန်မှာတော့ ငါးဘာသာဂုဏ်ထူးရသူ တစ်ယောက်ပဲပါလို့ ကိုယ်ပဲ ဆုပေးလိုက်တယ်။ သင်္ကန်းတော့ နှစ်စုံ တာဝန်ယူကပ်လိုက်တယ်။

ငါန်းဇွန်ပွဲမှာတနင်္ဂနွေ ဗုဒ္ဓဘာသာသင်တန်းအတွက် နည်းပြသင်တန်းလာတက်တဲ့ ငါန်းဇွန်ကအမျိုးတွေကိုလည်း တွေ့ရသေးတယ်။ ရေကြည်ရာ မြက်နုရာငါန်းဇွန်နယ်ကနေ ရန်ကုန်ရောက်နေတဲ့ သူတွေကလည်း အများသား။ မိတ်ဆွေတစ်ယောက်ကတော့ တံတားဦး လေဆိပ်ကနေ လေယာဉ်စီးရန်ကုန်ပြန်ဖို့ရာ မန္တလေးညမအိပ်ဘဲ ငါန်းဇွန်သွားအိပ်သတဲ့။ ကိုယ့်အရပ် ကိုယ့်ဒေသကို လေယာဉ်ပျံနဲ့သွားတာ ပိုနီးသလိုဖြစ်နေပြီ။

ငါန်းဇွန်အခြေခံ မြစ်သားဆရာတော်ကိုလည်းဖူးရတယ်။ ဆရာတော်က ပဋ္ဌိပတ္တိ အကျော်ဖြစ်ပြီး နိုင်ငံတကာလှည့် တရားပြနေတာပါ။ သက်တော်ရှစ်ဆယ်နားနီးနေပေမယ့် ပေါ့ပေါ့ပါးပါး သွားလာနေတာပါ။ ဒကာကြီး ဘယ်သူ့သားလည်းမေးရင်း မိဘတွေသာမက ဦးကြီးတွေ၊ အဒေါ်တွေ၊ ဆွေမျိုးတွေအကြောင်းပဲမေးလို့ ဝမ်းသာကြည်နူးရသေးတယ်။

(၃)

ငါန်းဇွန်ပွဲက ၉ နာရီခွဲလောက် ပြီးတော့ မိုးထဲလေထဲမှာဈယ်တော်စေတီဝင်းက သုဂတော မွှာရုံကိုကူးရပြန်တယ်။ ၉၁–၉၂–၉၃ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားတွေက တစ်လ တစ်ခါတွေ့ဖို့ စီစဉ်ကြတယ်။ (ခဏခဏမတွေ့ကြဖို့ ပြောရဦးမယ်။ လိုက်နိုင်တဲ့သူရှိသလို မလိုက်နိုင်တဲ့သူ ပြတ်ကျန်ရစ်ခဲ့မှာစိုးတယ်) ဒီတစ်ခါဆုံရင် ထမင်းကျွေးမယ်ဆိုပြီး ဒကာပေါ်တာကို ဒီအတိုင်းတော့ မကျွေးနဲ့။ ဝါဆိုချိန်ဆိုတော့ သင်္ကန်းကပ်ကာဆယ်တန်း အောင်စာရင်း ထွက်ထား တာဆိုတော့ ဆုပေးကြွာဆိုပြီး ခေါင်းစဉ်ဖော်ပေးလိုက်တယ်။

mgyoe.com

mgyoe.com


သူတို့ဘာသာသူတို့လည်း အသက် ၇၀ ကျော် ဆရာ၊ ဆရာမကြီးတွေ ကန်တော့မယ် ဆိုလို့ ဆရာကြီး ၄ ယောက် အရင်ကန်တော့ကွာ၊ စောင့်မနေကြနဲ့။ တော်ကြာသူတို့ကတို့ကို မစောင့်ဘဲနေမယ်လို့ ပြောလိုက်ရတယ်။ အသင်းကမတည်ပြီးထပ်အလှူခံတော့ ကျောင်းသားကျောင်းသူတွေဆီက ထပ်ရသေးတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်က ဘွဲ့ရတဲ့သူတွေဆိုတော့ တော်တော်များများက အဆင်ပြေပြေ ပြည့်ပြည့်စုံစုံရှိထင်ပါရဲ့။ အဆင်မပြေတဲ့သူတွေကတော့ လာမယ်မထင်ဘူး။ အဆင်မပြေတဲ့သူတွေလည်း ဝိုင်းပြီးကြည့်ရအောင်လို့ မှာထားတယ်။

ဒီအသင်းရဲ့ ထူးခြားချက်က Facebook မှာအုပ်စုဖွဲ့ထားပြီး ဖိတ်တယ်။ လှုပ်ရှားမှုတွေအကြောင်း ကြားတယ်။ လှုပ်ရှားမှုဓာတ်ပုံတွေ တင်တယ်။ ပြည်တွင်းသာမက ပြည်ပနဲ့ပါ အဆက်အသွယ်ရတယ်။ အလှူငွေကို ဘဏ်စာရင်းထဲ ထည့်နိုင်တယ်။

တချို့ တပည့်ကျော်တွေ့က ဂေါက်ပွဲလုပ်ချင်တယ်ဆိုတော့ ဒါတော့ မလုပ်နဲ့ကွာ။ မလိုတဲ့နေရာမသုံးနဲ့။ ပိုက်ဆံရှာရတာက လွယ်တာမဟုတ်ဘူး။ ကိုယ်တတ်နိုင်တိုင်းလည်း မသုံးကြနဲ့။ လိုတဲ့နေရာပဲဖြည့်ကြ ဆိုရပါတယ်။ အဆောင်မှူး ဆရာမကြီးတစ်ယောက် သီလရှင်ကျောင်းတိုက်ထူထောင်တဲ့ဆီသွားလှူကြမယ်ဆိုပြီး ခေါင်းစဉ်က ရလာပြန်ရော။ ဆရာမကြီးသီလရှင်ဆရာကြီးကိုပင့်တော့ လူကြားထဲ ကြွလိုပုံမရဘူး။ ဒါပေမဲ့ ကျောင်းသားဟောင်းတွေစုပြီး အဆင်ပြေတဲ့တစ်ရက်၊ ကျောက်တန်းသွားပြီး လှူကြမယ်လို့ ဆိုတယ်။ ထုံးစံအတိုင်းအလှူပွဲအပြီး လက်ဖက်ရည်ဆိုင်ထိုင်ရင်း ရှေ့အစီအစဉ်တွေ ဆွေးနွေးကြတယ်။ ပြီးတော့ ကျောင်းသားဟောင်းတစ်ယောက်က အိမ်တိုင်ရာရောက် ပြန်ပို့ပေးတယ်။

(၄)

ဒါပေမဲ့ တစ်နေ့တာအစီအစဉ်က မပြီးသေးဘူး။ အမေရိကန်ပြန် ကျောင်းသူဟောင်းနှစ်ယောက်က ညနေမှာ သူတို့လက်ရာနဲ့ ဧည့်ခံချင်ပါတယ်ဆိုလို့ သားအဖနှစ်ယောက် ပြေးရပြန်တယ်။ ကိုယ်ရောက်တော့ နောက်တောင်ကျနေပါပြီ။ သရဖီဆောင် ကျောင်းသူဟောင်းတွေ အတော်များများစုမိကြပြီး လူတိုင်းက လှလှပပကျကျနနဖြစ်နေတော့ အောင်မြင်နေပုံရ တယ်လို့ ထင်ရတာပါပဲ။ မိန်းကလေးတွေ ထုံးစံအတိုင်း အကုန်လုံးက တစ်ပြိုင်နက်တည်းပြော၊ ဘယ်သူကမှ နားထောင်ပုံမရ။ ဆူညံနေတော့ နားထောင်လို့လည်းမရ။ ဒီမိုကရေစီဆိုတာ ဒီလိုပဲထင်ပါရဲ့လို့တောင် ပြောမိတယ်။ အမှုဆောင်သမီးတွေက လူစုံတုန်းမှာ အလှူငွေထည့် ပြီးကြပြီလား။ ဘယ်သွားလှူကြမလဲဆိုတာတွေပါ တစ်ခါတည်း မေးကြတော့တာပေါ့။

တတ်တဲ့ပညာမနေသာဆိုသလို သူတို့ချင်း တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြတာတွေ လိုက်ဓာတ်ပုံရိုက်ပြီး Facebook ပေါ်တင်ပေးတော့ အဝေးရောက်သူငယ်ချင်းတွေက "ဒီပွဲလွတ်တာနာ" သတဲ့။ "တို့မလာတဲ့ပွဲမှာ တို့အကြောင်းတွေ ပြောနေကြသလား"တဲ့။

သူတို့တစ်တွေလည်း အသက်အရွယ်လေးတွေလည်းရလာ၊ အထိုက်အသင့် အောင်မြင်မှုလေးတွေလည်းရလာတော့ လှူဖို့တန်းဖို့တွေ၊ ကူညီဖို့တွေ ပြင်ဆင်လာတာတွေ့ရတယ်။ ကိုယ့်ဆီမှာကလည်း လိုအပ်နေတာတွေ အများကြီးဆိုလေတော့ အများအားနဲ့ ဝိုင်းကြစိန်းကြမှပဲ

mgyoe.com

mgyoe.com

ဖြစ်တာပါ။ မရောက်နိုင်တဲ့ ပွဲတွေလည်း ရှိသေးတယ်။ တပည့်တစ်ယောက်ရဲ့အမေဆုံးပြီဆိုတော့ ပွဲတွေနဲ့တိုက်နေလို့ မလာနိုင်ဘူးလို့ တောင်းပန်ရတယ်။ ဒါနဲ့သမီးသွားလိုက်ဦးဆိုတော့ ဒီမှာ မဟုတ်ဘူးတဲ့။ "ထားဝယ်"မှာတဲ့လေ။

(၅)

ပွဲအရှိန်က တနင်္လာနေ့နံနက်အထိ မပြီးသေးဘူး။ အမေရိကန်က ပြန်လာတဲ့ သမီးက မင်းကွန်းဆရာတော်ကျောင်းမှာ သမီးတွေကို နားသမင်္ဂလာဆင်ယင်မယ်၊ လာမှာလားဆိုတော့ ငါ သိပ်မလာချင်တော့ဘူးလို့ ပြောထားပေမယ့် ဓာတ်ပုံရိုက်ပေးဖို့ အပြေးသွားပါတယ်။

ဟိုရောက်တော့ အလှူကြီးပဲ ဓာတ်ပုံဆရာတွေ ခေါ်ထားပြီးသားပါ။ ဒါပေမဲ့ ကိုယ်တို့ အဖွဲ့သားတွေကတော့ "တို့မပါရင် မဖြစ်ဘူး။ ဓာတ်ပုံဆရာတွေက အင်တာနက်ပေါ် တင်ပေးမှာ မဟုတ်ဘူး" ဆိုပြီး ဓာတ်ပုံဝိုင်းရိုက်ကြ၊ အပြိုင်အဆိုင် အင်တာနက်ပေါ်တင်ကြနဲ့။ ကိုယ့်ဘာသာကိုယ် တာဝန်တွေကျေနေကြတာလေ။ သမီးတွေက မြန်မာ့ရိုးရာဝတ်စုံတွေ၊ မလ္လိကာတန်ဆာတွေ၊ စည်းပုံတွေနဲ့ဆိုတော့ အနေရအထိုင်ရတော့ ကျပ်ပုံရတယ်။

ဆရာမလာတော့ဘူးဆိုပြီး တပည့်တွေက ကြိုဆိုအားပေးကြတယ်။ ဟုတ်တယ်။ ဓာတ်ပုံရိုက်မယ့်သူမရှိမှာစိုးလို့ ခဏပဲဆိုပြီး ဘိသိက်ဆရာလည်း အခမ်းအနားစရော ကိုယ်လည်းပြန်ပြေးရတော့တယ်။ ဒီကြားထဲမှာ တပည့်တစ်ယောက်က သူ့ဖခင်ဆုံးတာ ရေးထားလို့ ဝမ်းနည်းရပြန်တယ်။ "သမီးတို့ ဘယ်သွားမယ် မပြောဘဲ ထွက်သွားရင် ဆူတယ်။ အခုအဖေက ဘယ် သွားမယ်လို့ မပြောဘဲ ထွက်သွားတယ်" တဲ့လေ။ သြော် ... ကိုယ်လည်း ဘယ်တော့ ဘယ်သွားမယ်လို့ မပြောဘဲ ထွက်သွားရဦးမယ်။ ကြိုပြောရအောင်ရော ဘယ်သူများသိလို့လဲ။

(၆)

မိဘအိမ်မှာနေတဲ့အခါတုန်းက ညီမဖြစ်သူက အစ်ကိုကြီးက "ပြေးရင်ပြေး၊ မပြေးရင်ကွေးပဲ" လို့ ပြောဖူးပါတယ်။ ဒီဘက်ပိုင်းတွေမှာ ခြောက်ဆယ်နားနီးလာတဲ့အခါ ကိုယ်လုပ်ချင်တာတွေ မပြီးမှာရယ်၊ မသေသေးပေမယ့် ဘာမှမလုပ်နိုင်ဖြစ်နေမှာပါစိုးရိမ်လို့ တွန်းပြီးလုပ်တယ်။ (စာပိုရေးဖြစ်တယ်။) တွန်းပြီးသွားတယ်။ သက်တော်ရှစ်ဆယ်နားနီးနေတဲ့ ဆရာတော်တွေက ကမ္ဘာပတ်တုန်း။ ကိုယ်ကတော့ သူတို့လောက် သီလကောင်းမယ်မထင်။ အသက်ရှည်ချင်မှပဲ ရှည်မယ်။ အမေ့လိုရှည်ရင် ရှစ်ဆယ်ကျော်နေရမယ်။ အဖေ့လိုဆို ခုနစ်ဆယ်ကျော်လောက်တော့ နေရမယ်။ ဒီထက်လည်း အသက်တိုချင်တိုမယ်။

ဘဝမှာ ဒေါသဖြစ်စရာတွေ တွေ့လိုက်၊ ပျော်ရွှင်စရာတွေ တွေ့လိုက်၊ ဒေါသတွေ၊ ပျော်ရွှင်မှုတွေနဲ့ တုံ့ပြန်လိုက်။ ဥပေက္ခာထားနိုင်လောက်အောင်တော့ ပါရမီမရင့်သန်သေး။

ဒီတော့ မပြေးဘဲနေရင် ကွေးသွားမှာစိုး၊ မလှုပ်ဘဲနေရင် ရပ်သွားမှာစိုးလို့ တတ်နိုင်သလောက်တော့ ကိုယ်လက်လှမ်းမီရာ နယ်ပယ်လေးကို တစ်စုံတစ်ရာအကျိုးပြုနိုင်ဖို့ လှုပ်နေရ၊ ရပ်နေရဦးမှာပါပဲ။ အနည်းဆုံးတော့ မပြေးရင် ရေးပြီးလှုပ်နေရကြောင်းပါ။

✿

mgyoe.com

mgyoe.com

# မြန်မာနိုင်ငံအပေါ် ဘက်စုံသုံးသပ်ချက်ထဲက ထူးခြားချက်များ

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ပညာရှင် အသီးသီး၊ အဖွဲ့အစည်း အမျိုးမျိုးက ရေးကြ၊ သားကြ၊ ဟောကြ၊ ပြောကြတာတွေ ဖတ်ရပေါင်း၊ နားထောင်ရပေါင်း များလာတဲ့အခါ ထူးထူးခြားခြား ဘာတွေများ ပြောကြဦးမှာလဲလို့ ရင်မခုန်တော့ပါ။

အိုအီးစီဒီ (OECD) က မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ဘက်စုံ သုံးသပ်ချက်စာတမ်းရေးနေတယ်။ ဌာနဆိုင်ရာတွေကိုလည်း ဖိတ်ခေါ်မေးမြန်းတယ်၊ ဆွေးနွေးတယ်ဆိုတာတွေလည်း ကြားရ၊ သိရပါတယ်။ နဖူးတွေ၊ ဒူးတွေတော့ စာတမ်းထွက်လာမှပဲ တွေ့ရပါတယ်။ စာတမ်းဆိုတာတောင် အတွဲ (၁) ကနဦး အကဲဖြတ်ချက်များဆိုတာပဲ ရှိသေးတာပါ။

mgyoe.com

mgyoe.com


၁၈.၀၉.၂၀၁၃ နေ့က ကုန်သည်ကြီးများအသင်းမှာ သူတို့ရဲ့ စာတမ်းအကြောင်း ပြောပြ၊ ဝေဖန်၊ သုံးသပ်မှုတွေပေးကြ၊ လုပ်တဲ့ပွဲကို ရောက်ခဲ့ရပါတယ်။ မြန်မာပရိသတ်ထက် နိုင်ငံခြား ပရိသတ်က ပိုစိတ်ဝင်စားပုံပါပဲ။ အမေးအဖြေလုပ်ရင် ဘာသာပြန်ပေးမယ်လို့ ဆိုထားပေမယ့် မြန်မာလို မပြောကြပါ။ သတင်းထောက်တွေက ပွဲအပြီးမှာ မြန်မာလို လိုက်မေးကြတာ တွေ့ရ ပါတယ်။

ဘက်စုံသုံးသပ်ချက်လို့ ဘာလို့ ပြောရသလဲဆိုတော့ စီးပွားရေး တိုးတက်မှု၊ စဉ်ဆက် မပြတ် ဖြစ်ပေါ်မှုနဲ့ မျှမျှတတ ဖြစ်ဖို့တွေအားလုံးကို စဉ်းစားတယ်။ ကဏ္ဍအလိုက် မစဉ်းစားဘဲ ကဏ္ဍအားလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စတွေကို စဉ်းစားတယ်။ အတွဲအစပ်နဲ့ ချမှတ်ရမယ့် မူဝါဒတွေ၊ တစ်ခုနဲ့တစ်ခု ဦးစားပေးရမယ့် မူဝါဒတွေကို စဉ်းစားတယ်။ ဒါကြောင့် ဘက်စုံသုံးသပ်ချက်လို့ ပြောရတာပါ။

မြန်မာစက်ရုံလုပ်သားတစ်ယောက်ဟာ တစ်လမှာ ၅၃ ဒေါ်လာ၊ အလုပ်ရှင်အတွက် ကုန်ကျတဲ့စရိတ် စုစုပေါင်းက တစ်နှစ်မှာ ဒေါ်လာ ၁၁၀၀၊ တရုတ်နဲ့ ထိုင်းလုပ်သား လုပ်ခရဲ့ ခြောက်ပုံတစ်ပုံ၊ လာအိုတို့၊ ကမ္ဘောဒီးယားတို့နဲ့ ယှဉ်ရင်တောင် တစ်ဝက်ပဲ ရှိပါသတဲ့။ လုပ်သား တွေရဲ့ ထုတ်လုပ်မှုစွမ်းအားဟာ ဝင်ငွေအဆင့်တူ ဘင်္ဂလားဒေ့ရှ်တို့၊ ကမ္ဘောဒီးယားတို့ထက်မြင့်သလို ကိုယ့်ထက်ဝင်ငွေမြင့်တဲ့ ဗီယက်နမ်ထက်တောင်မှ မြင့်တယ် ဆိုတာကြောင့် စက်မှုလုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် အခြေခံကောင်းတစ်ခု ဖြစ်ပါတယ်။

အိုအီးစီဒီရဲ့အမြင်မှာ မြန်မာနိုင်ငံဟာ ဝင်ငွေအဆင့်တူတဲ့ တခြားနိုင်ငံတွေထက် ပိုမိုကြွယ်ဝ တယ်လို့ ဆိုနိုင်ပါတယ်။ ဥပမာ – ညဘက် အပြင်ထွက်ရင် အန္တရာယ်နည်းတယ်။ အလုပ်အကိုင်နဲ့ မျှော်မှန်းသက်တမ်းတွေလည်း တခြားနိုင်ငံထက် သာတယ်။ အားနည်းတာက အကျင့်ပျက်မှုတွေ ရှိနေတာ၊ အရေးအကြောင်းဆို အားကိုးစရာ မရှိတဲ့လူတွေ များတာ၊ အစိုးရ အရာရှိတွေကို ကိုယ့်သဘော ကိုယ့်ဆန္ဒ ထုတ်ပြောတဲ့သူ နည်းတာတွေ ဖြစ်ပါတယ်။ အရေးအကြောင်းဆို အားကိုးစရာ မရှိဘူး၊ လူမှုကွန်ရက်က အားနည်းတယ်လို့ အပြောခံရတာ သိပ်ဘဝင်မကျပါ။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အိုအီးစီဒီကတွေ့ရှိတဲ့ ထူးခြားမှုတစ်ခုက မြန်မာနိုင်ငံမှာ အသက် ၁၀ နှစ်ကနေ ၆၄ နှစ်အတွင်း ရှိတဲ့ လူဦးရေအချိုးအစားဟာ တခြားနိုင်ငံတွေထက် မြင့်မားနေပြီး အဲဒီအချိုးအစားဟာ နောင် ၁၅ နှစ်၊ အနှစ် ၂၀ အတွင်းမှာ လျော့ပါးသွားမယ် ဆိုတဲ့ ကိစ္စပါ။ တစ်နည်းအားဖြင့် အသက်ကြီးတဲ့သူတွေ၊ မှီခိုမယ့်သူတွေ များလာမယ်ပေါ့။

ဒီအချက်က သတင်းလောကက သတိထားမိကြပြီး မြန်မာတွေ မချမ်းသာခင် အသက် ကြီးသွားတော့မယ်၊ အိုကုန်တော့မယ်လို့ ရေးကြပါတယ်။ သုံးသပ်ချက်ကို သေသေချာချာ ပြန်ဖတ်ကြည့်တော့ အလုပ်လုပ်တဲ့သူ အချိုးအစား ကျဆင်းသွားတာတောင်မှ နောင်ဆယ်နှစ် အကြာမှာ ထိုင်းနိုင်ငံကလွဲလို့ တခြားနိုင်ငံတွေထက် အလုပ်လုပ်တဲ့ အုပ်စုအရွယ်အစား ကြီးမား နေဆဲဖြစ်လို့ သိပ်ပြီး စိုးရိမ်ရတဲ့ကိစ္စတော့ မဟုတ်ပါဘူး။

ကျားမခွဲခြားမှုနဲ့ ပတ်သက်လို့လည်း မြန်မာနိုင်ငံဟာ တခြားနိုင်ငံတွေထက် ခွဲခြားမှု

mgyoe.com

နည်းနေတာကိုလည်း အသိအမှတ် ပြုထားပါတယ်။

ကျေးလက်မြို့ပြ မညီမျှမှုတို့အပြင် အစိုးရနဲ့ နီးစပ်သူတွေလက်ထဲ ဥစ္စာဓန စုမိတာ၊ အတိတ်တုန်းက တချို့လူတွေ၊ တချို့အုပ်စုတွေက အခွင့်ထူးတွေ ခံစားရတာတွေကိုပါ မကျန်ရအောင် ပြောထားပါတယ်။

အခြား သုတေသနစာတမ်းတွေလို ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေ (လမ်းပန်းဆက်သွယ်ရေး) လိုအပ်ချက်တွေအပြင် အင်စတီကျူးရှင်းတွေ၊ လူတွေ၊ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေကို တော်တော်အားမရတာ တွေ့ရတယ်။ အထူးသဖြင့် ဒီသုံးသပ်ချက်မှာ လူမှု အရင်းအနှီးဖြစ်တဲ့ ယုံကြည်မှုကို အလေးထားပြီးပြောတာ တွေ့ရတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ လူအများ ပူးပေါင်းပါဝင်ဖို့ဆိုရင် ယုံကြည်မှုရှိဖို့ လိုတယ်။ အစိုးရနဲ့ ပူးပေါင်းဖို့၊ အစိုးရရဲ့ မူဝါဒတွေကို လက်ခံဖို့ဆိုရင်လည်း ယုံကြည်မှု ရှိဖို့လိုတယ်ဆိုတာ အလေးထားထောက်ပြသွားတယ်။ ခေတ် အဆက်ဆက်မှာ တရားဥပဒေမစိုးမိုးခဲ့တာ အစိုးရနဲ့ အာဏာရှိသူတွေက ပြည်သူ့အကျိုးကို ထိပါးပြီး အသုံးချခဲ့တာတွေ ရှိခဲ့ကြောင်းနဲ့ အခု တိုးတက်မှုတွေရှိနေတဲ့အကြောင်း သုံးသပ်ထားပါတယ်။

ဖက်ဒရယ်စနစ်ရဲ့ အခြေခံအနေနဲ့ ဒေသအဆင့် စီမံကိန်းတွေ ချမှတ်၊ မူဝါဒတွေ အကောင်အထည်ဖော်နိုင်ဖို့ ဒေသဆိုင်ရာ အင်စတီကျူးရှင်းတွေ ထိရောက်ဖို့၊ သေသေချာချာ လေ့ကျင့်ထားတဲ့ ဝန်ထမ်းတွေ ရှိဖို့လိုတယ်။ သူတို့မရှိရင် ခက်မယ်လို့ သုံးသပ်ထားပါတယ်။

ပတ်ဝန်းကျင်နဲ့ ပတ်သက်လို့ လေထုညစ်ညမ်းမှုအဆင့်မှာ ရန်ကုန်နဲ့ မန္တလေးဟာ မလေးရှားက ကွာလာလမ်ပူ၊ ဖိလစ်ပိုင်က မနီလာ၊ ထိုင်းနိုင်ငံက ဘန်ကောက်နဲ့ချင်းမိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအိုတွေထက်မြင့်နေပြီး ကိုယ့်ထက်ဆိုးတာဆိုလို့ ပီကင်းနဲ့ ဒေလီလောက်ပဲ ရှိတာတော့ သိပ်ဝမ်းသာစရာ မကောင်းလှဘူး။ ပတ်ဝန်းကျင်နဲ့ ပတ်သက်လို့ လုပ်စရာတွေ အများကြီးရှိနေတာကို ညွှန်ပြတယ်။

ပုဂ္ဂလိကလုပ်ငန်းတွေမှာ အငယ်စားနဲ့ အလတ်စားလုပ်ငန်းတွေ များလှပြီလို့ ကျွန်တော်တို့ကိုယ့်ဘာသာကိုယ် ထင်ထားပေမယ့် တကယ်တမ်းမှာ ဗီယက်နမ်ထက် တောင်နည်း၊ ထိုင်းနိုင်ငံနဲ့တောင် မယှဉ်သာအောင် လူ ၁၀၀၀ မှာ ရှိတဲ့ လုပ်ငန်းအရေအတွက် နည်းပါတယ်။ ထိုင်းမှာဆိုရင် လူ ၁၀၀၀ မှာ လုပ်ငန်း ၄၀ လောက် ရှိတယ်။ မြန်မာမှာ ၂.၆ ခုပဲရှိတယ်။ လုပ်ခသာ နည်းတာ အလုပ်မရှိကြဘူးလို့ ပြောရမှာ ဖြစ်သလို စာရင်းမဝင် အင်းမဝင် ဖြစ်နေတဲ့ လုပ်ငန်းတွေကလည်း ၈၃% လောက် ရှိနေပါတယ်။

ပညာရေးနဲ့ပတ်သက်လို့ ကလေးတွေနဲ့ ဆရာ၊ ဆရာမတွေရဲ့ ပညာရည်အဆင့်အတန်းကို ဘယ်လိုတိုင်းတာကြမလဲဆိုတာ ထည့်စဉ်းစားဖို့ ပြောပါတယ်။ အထူးသဖြင့် အနာဂတ်မှာ ဈေးကွက်ကလိုတဲ့ လုပ်သားတွေ မွေးထုတ်ပေးနိုင်ရမယ်၊ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ပေးရမယ်။ ပြီးတော့ ကျန်းမာရေးနဲ့ ပညာရေးဘွဲ့ရတွေ များများ မွေးထုတ်ပေးဖို့ အကြံပြုထားတယ်။

ကျွန်တော်တို့ဆီမှာ အသုံးလုံး ကျေတဲ့သူတွေများ၊ ပညာသင်ယူနိုင်တဲ့ အခွင့်အလမ်းတွေ